
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ရသကစေ

## ကျွန်တော့်ချစ်ဆွေများနှင့်


ကျွန်တော်



ဒုတိယအကြိမ်

mgyoe.com

mgyoe.com




# ဒေါက်ဆွေ

ကျွန်တော့်ချစ်ဆွေများနှင့်

ကျွန်တော်

ISBN 9789997117113
TTS48
9 789997 117113
3,500.00KS

mgyoe.com

ကျွန်တော့်ချစ်ဆွေများနှင့် ကျွန်တော်၏ သော်တာဆွေ
မျက်နှာဖုံးပန်းချီ - ပေသစ်တည်
စာမျက်နှာ ၂၅၀+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ဒုတိယအကြိမ်၊
၁၉၈၀ ဂုဏ်ထူးစာပေ၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# ကျွန်တော့်ချစ်ဆွေများနှင့် ကျွန်တော်

## သော်တာဆွေ

ဒုတိယအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မ ာ တိ က ာ


– သော်တာဆွေ၏အမှာ က

၁။ ဖိုးသော်တာ စန္ဒာလကိုကွယ် ၁

၂။ လကမ္ဘာကို အောင်လံစိုက်ပြီ ၄၂

၃။ လက်ဇွေ့ချန်ပီယံ ကြံ့ဗဟုန်း ၆၆

၄။ လာပြန်ပြီ ကြံ့ဗဟုန်း ၉၄

၅။ ကြံ့ဗဟုန်း၏ အကျွတ်တရား ၁၁၆

၆။ ဂေါ်ဂိန်ညောင် ၁၃၄

၇။ မစားရ ညှော်စော် ၁၆၇

၈။ ကျေးရူးဆပ်နည်းနိသျရည်း ၁၉၁

၉။ တစ်လှိမ့် နှစ်လှိမ့် ၂၁၈

၁၀။ နိပ္ဖလမဆိုသာ ၂၃၆


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သော်တာဆွေ၏အမှာ

ဤဟာသဝတ္ထုတိုပေါင်းချုပ်ကို နာမည်ပေးရန် စဉ်းစားလိုက်သောအခါ အထက်ပါ ခေါင်းစဉ်သည် ကျွန်တော့်စိတ်ကူးထဲ ပေါ်ပေါက်လာခဲ့ပါ၏။ အဘယ့်ကြောင့်ဆိုသော် ဤဝတ္ထုများထဲ၌ ပါဝင်သော လူများမှာ ရေးစဉ်က တကယ့်လက်ရှိ သက်ရှိ တိုင်းသိပြည်သိ ထင်ရှားသော ကျွန်တော်၏ ချစ်ဆွေများပင် ဖြစ်ကြပါကုန်၏။ ကျွန်တော်သည် သူတို့ကို ဇာတ်ကောင် ဇာတ်ဆောင်အဖြစ်ထည့်၍ ဝတ္ထုရေး၏။ ဇာတ်လမ်းထဲမှာ သူတို့ကို ချစ်ကျီစယ်၏။ အချို့သည် နာသာခံခက် အောင့်သက်သက်ဖြစ်ကြမည် မှန်၏။ အချို့က ကျေနပ်နှစ်သိမ့်ကြမည် ဖြစ်၏။

ထို့ကြောင့် ၁၉၅၈ နှစ်က ရှမဝ ဦးကျော်သည် 'ကျွန်တော့်အချစ်တော်များ' မည်သော ကျွန်တော်၏ ဟာသဝတ္ထုတိုပေါင်းချုပ်ကို ထုတ်စဉ်က အောက်ပါအတိုင်း အမှာစာ ရေးခဲ့ပါသည်။

သော်တာဆွေသည် တော်တော်ကြောက်စရာကောင်းသည်။ ကြောက်စရာကောင်းသည်နှင့်အမျှ ချစ်စရာလည်း ကောင်းသည်။

မိတ်ဆွေသည် သော်တာဆွေနှင့် မိတ်ဖွဲ့လိုပါသလား၊ မိတ်ဖွဲ့မိလျှင် ဘယ်လို ကြောက်စရာကောင်း၍ ဘယ်လို ချစ်စရာ

mgyoe.com

mgyoe.com



ကောင်းသည်ကို တွေ့ရမည်။

ဤ၀တ္ထုတိုပေါင်းချုပ်၌ သော်တာဆွေကို ဖက်လဲတကင်း ရင်းရင်းချာချာ ပေါင်းလိုက်မိသူများအား မိတ်ဆွေ တွေ့ရပေမည်။

သူတို့သည် သော်တာဆွေကို ခင်ကြ၏။ မင်ကြ၏။ သော်တာဆွေကလည်း သူတို့ကို ခင်သည်၊ မင်သည်၊ ချစ်သည်၊ ရိုသေသည်၊ လေးစားသည်။

သော်တာဆွေ၏ အချစ်အခင်ကို ခံရသူများသည် သော်တာဆွေ၏ ကလောင်ဖျား၌ ကားကားရားရား ပါသွားတော့သည်။ သော်တာ ဆွေသည် သူ့ကလောင်နှင့် ထိုးသည်၊ ဆွသည်၊ ကလိသည်။

သို့ကြောင့်ပင်လျှင် သူ့အား ကြောက်စရာကောင်းသည် ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

သော်တာဆွေသည် သူ၏ ချစ်သူခင်သူများကို ကလောင်နှင့် ထိုးစေ၊ ဆွစေ၊ ကလိစေကာမူ အနာတရကား မဖြစ်ခဲ့ပေ။ သူ့ ကလောင်သွားသည် ခံရသူကို တဟိဟိဖြစ်အောင် ကလိသည်၊ တဟားဟားဖြစ်အောင် ကစားသည်၊ ရယ်မောပျော်ရွှင်ခြင်းဖြင့် ဟဒယသုခကိုပေးသည်။

ထို့ကြောင့် သော်တာဆွေသည် ချစ်စရာလည်း ကောင်းပါသည်။ ကိုင်း... မိတ်ဆွေ သူ့အချစ်တော်တွေကို သော်တာဆွေ ဘယ်လိုများ ကလိထားသည်ကို ဖတ်ကြည့်ကြပါတော့။

**ရှုမ၀စာတည်းအဖွဲ့၀င်တစ်ဦး**

**(၁၄–၆–၅၈)**

'ကျွန်တော့် အချစ်တော်များ' စာအုပ်ကို ဦးကျော်ထုတ်ခဲ့ သည်မှာ ယခုဆိုလျှင် အနှစ် ၂၀ ကျော်ခဲ့ပြီ။ ထိုစာအုပ်မှာ ဦးကျော် ဇာတ်လိုက်ဖြစ်သော တစ်လိုမ့်နှစ်လိုမ့်၊ ဖိုးသော်တာစန္ဒာလကိုကွယ်၊ ချစ်၍ ခေါ်သည်နှင့် ကျေးဇူးဆပ်နည်းနိသျှရည်းတို့ ပါ၀င်ခဲ့သည်။

mgyoe.com

mgyoe.com


စင်စစ် ကျွန်တော်၏အကျင့်မှာ ကျွန်တော်၏ ဝတ္ထုများထဲတွင် တကယ်ရှိသော ပုဂ္ဂလိက နာမည်များကို ထည့်ရေးတတ်၏။ ယင်းသို့ ရေးခြင်းသည် ထိုလူငယ်များကို ကျွန်တော်ချစ်ခင်၍သာ ဖြစ်၏။

ကျွန်တော်သည် ကျွန်တော် ချစ်ခင်သူများကို ကျီစယ်တတ်၏။ နောက်ပြောင်တတ်၏။ သို့ဖြင့် ဤစာအုပ်ပါ ဟာသဝတ္ထု များကို ဖန်တီးရေးသားနိုင်ခဲ့ခြင်း ဖြစ်၏။

ဤဝတ္ထုများကို ရေးစဉ်က ကျွန်တော့်ဘဝ ကျွန်တော့်အပျော်ဆုံးအချိန် ဖြစ်ပေ၏။ ထို့အတူ စာဖတ်သူများ ပျော်ရွှင်ကြပါစေ။

သော်တာဆွေ
(၂၅-၉-၇၈)

❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဖိုးသော်တာ စန္ဒာလကိုကွယ်

[ ၁ ]

ကျွန်တော်သည် စာရေးရန် ဉာဏ်လေးသောအခါများတွင် ဘာလုပ်တတ်ပါသနည်း၊ ရေဝအောင်ချိုးပြီး လက်ဖက်ခါးခါးလေးကို စားချင်သည်။ ထို့ကြောင့် စာရေးစားပွဲတွင် ထိုင်ငိုင်နေရာမှ မနီးမဝေးတွင် စာကြည့်နေသော ညီငယ်အား...

"မောင်ကြည်ဝင်းရေ... သွားကွာ အစ်ကို့ဖို့ လက်ဖက်ဝယ်ပေးစမ်းပါ"

"ဟာ... အစ်ကိုဆွေ၊ ကျွန်တော် စာမေးပွဲနီးနေလို့ဗျာ၊ အမာကြည်ကို လွှတ်လိုက်ပါ"

အမာကြည်မှာ ကျွန်တော်တို့ ညီမလေးတစ်ယောက် ဖြစ်ပါသည်။

"ဒါဖြင့် မင်းပဲ ခေါ်ခိုင်းလိုက်စမ်းကွာ၊ ရော့... ဒီမှာ ပိုက်ဆံလာယူ"

ယင်းအခိုက် လူငယ်တစ်ယောက် ဝင်လာရာ...

"ဟင်... ဟင် အမှုဆောင် အစည်းအဝေး ဖိတ်စာလာပြန်ပြီ"

ကျွန်တော့်ဆီသို့ ရောက်လာသော စာရေးဆရာအသင်းက လူငယ်ကို မေးလိုက်ပါသည်။

"မလွဲပါဘူးခင်ဗျာ" ဟုဆိုရင်း သူသည် လွယ်အိတ်ထဲမှ စာရွက်တစ်ခုကို ထုတ်ပေးပြီး ကျွန်တော့်အား ဖိတ်စာရကြောင်း လက်မှတ်ထိုးစေပါသည်။

ကျွန်တော်သည် ဖောင်တိန်ကိုဖွင့်ရင်း...

mgyoe.com

mgyoe.com


"ငါ့လခွီးတဲ့ ဒီနှစ်မှ ကိုယ့်ကိုယ်ကိုယ် အဆိုသွင်းလို့ အမှုဆောင်ကလေး ဖြစ်ရပါတယ်၊ တကတဲ ခိုးရာပါပစ္စည်း လက်ခံမိတာကျနေတာပဲ၊ စိတ်ကိုမအေးရဘူး၊ တစ်ပတ်ကို နှစ်ခါလောက် အစည်းအဝေးတက်နေရတယ်၊ ဘာလဲ အခု ငွေဥဒေါင်းတို့လူစုက အယုံအကြည်မရှိ အဆိုသွင်းပြန်ပတဲ့လား"

"ကျွန်တော် မသိဘူးခင်ဗျ၊ ဖတ်ကြည့်ပါဦးမယ်ခင်ဗျာ" ဟုဆို၍ သူ ရေးကြီးသုတ်ပျာ ထွက်သွားသည်။ ကျွန်တော် ဖိတ်စာကို ဖြန့်ဖတ်လိုက်ရာ အချိန်မှာ ယနေ့ ပင်။ ညနေ ၃ နာရီတဲ့။ "အင်း... အခုပဲ ၂ နာရီထိုးတော့မယ်"

"ဘာများ အရေးကြီးပါလိမ့်၊ ဒီလောက် ကပ်ဖိတ်ရအောင်"

စိတ်ထဲမှ ရေရွတ်မိကာ ဖိတ်သည့်ကိစ္စကို ကြည့်လိုက်သောအခါ၌ကား ကျွန်တော်မှာ ဝမ်းသာအားရ ထိုင်နေရာမှ ထမခုန်မိအောင်ပင် မနည်းသတိထားလိုက်ရလေသည်။

အကြောင်းမှာ...

"ခရီးထွက်ဖို့ကိစ္စကို ဆွေးနွေးရန်" တဲ့။

ဟီး... ဘယ်ကိုများပါလိမ့်၊ ရှမ်းပြည်ကိုဆိုရင် ဖိမ်ပေါ့ကွာ၊ ရှမ်းမလေးရဲ့ ပါးများ ပုရွက်ဆိတ် ကိုက်ထားသလို နီနေတာပဲလို့ ကြားဖူးတယ်၊ နို့ပြီး သူတို့ ရေချိုးတော့လည်း မျက်နှာအရင်သစ်သတဲ့။

စိတ်ထဲ၌ ဟိုဟိုဒီဒီ တွေးတောရင်း ထိုင်ရာမှ ထလိုက်ကာ ဖိတ်စာကိုကိုင်၍ ထမင်းစားပွဲ၌ ကော်ဖီသောက်နေသော ကျွန်တော့် (God Mother) ဝမ်းမနာမိခင် ထံသို့ပင်သွားပြီး...

"နာနီ ကျွန်တော်တို့ ခရီးထွက်ရလိမ့်ဦးမယ်"

ကျွန်တော် ရွှင်မြူးစရာဆိုလျှင် သူ ဝမ်းသာနေလေပြီ။

"အေး... ကောင်းတာပေါ့၊ ဘယ်ကိုတဲ့လဲ"

"မသိသေးဘူး၊ အမှုဆောင်အစည်းအဝေးသွားရမယ်၊ ၃ နာရီဆိုတော့ မြန်မြန် လုပ်မှပဲ"

ကျွန်တော် ရေအမြန်ချိုးလိုက်သည်။ ပြီး အဝတ်လဲသောအခါတွင်လည်း ခြေလှမ်းသွက်သွက်လျှောက်နိုင်ရန် ဘောင်းဘီရှည် ဝတ်လိုက်သည်။ နက်ကတိုင်ကို စတိုင်ပါပါ တပ်လိုက်သေးသည်။

"အင်း... မန္တလေးသွားတုန်းကရော၊ မြစ်ကြီးနားတုန်းကရော ငါက နှစ်ခါ

mgyoe.com

mgyoe.com


စလုံးလိုက်ထားလို့ ဒီတစ်ခါ သည်းခံပါများ ပြောနေကြမလား၊ ဒီလိုဆိုရင်တော့ မခံနိုင်ဘူး၊ ခရီးသွားဖို့ အခွင့်အရေးရတိုင်းမှ မသွားရရင် အမှုဆောင်အဖွဲ့က နုတ်ထွက်မယ်လို့ ပြောမှပဲ"

အသင်းတိုက်သို့ ရောက်သောအခါတွင် လူအတော်စုံနေလေပြီ။

"အင်း... ဖိုးသော်တာတို့က ဒါမျိုးဆိုရင် ဝီရိယကောင်းဗျ၊ တခြားကိစ္စဆိုရင်ဖြင့် ၃ နာရီချိန်းထား ၄ နာရီကျော်မှ လာတတ်တယ်"

လင်းယုန် ဖိုးဇန်းမော်တင်အောင်က ဆီးကြိုလိုက်ပါသည်။ သို့သော် ကျွန်တော်က ခရီးထွက်တာ မပါရမှာစိုးသည်နှင့် ခါတိုင်းလို...

"ကျုပ်လာချင်တဲ့အချိန်လာတာ ဆီးပြောနေရအောင် ခင်ဗျားက ကျုပ်မိန်းမလားဗျ" ဟူသော အပေါက်မျိုးကို မသုံးဘဲ မျက်နှာထား ချိုချိုပျော့ပျော့နှင့်ပင်...

"ဒါတော့ ကိုတင်အောင်ရာ... ကျွန်တော်က ခရီးထွက်ပြီး ဝတ္ထုရေးချင်နေတဲ့ကောင်ကိုးဗျ၊ အဟဲဟဲ ရော့ဗျာ စီးကရက်"

ကျွန်တော့်အတွက် တစ်မဲရအောင် စီးကရက်တစ်လိပ် စွန့်လိုက်ရပါသည်။

"ဩော်... ဆရာရွှေပိန်သောင်း နေကောင်းလားဗျာ"

ယခုမှ ရောက်လာသော မြန်မာ့အလင်း အယ်ဒီတာကြီးကိုလည်း ချော့လိုက်ရပါသေးသည်။

"ကဲ... ကဲ လူစုံပြီ၊ အစည်းအဝေး စကြမယ်"

ခရီးသွားရမည်ဆိုလျှင် သူလည်း ဒေါ်လိုက်ချင်ကြီးဖြစ်သော အစ်မကြီး ဂျာနေဂျိုမမလေးက ဆော်ဩလိုက်၍ အားလုံး စုအုံထိုင်ကြသည်။

"အခုအရေးပေါ် အမှုဆောင်အစည်းအဝေး ခေါ်ရတာကတော့ တခြားကြောင့် မဟုတ်ပါဘူး၊ စာရေးဆရာအသင်းအတွက် လူလေးယောက် လကိုသွားနိုင်ဖို့ ဒုံးပျံကြီးတစ်ခု စီစဉ်ပေးပါတယ်"

"ဘာ... ဘာ ဘယ်ကိုသွားဖို့"

ကျွန်တော်က ဖြတ်မေးလိုက်ပါသည်။

"လကိုဗျ၊ လကိုသွားဖို့ လူလေးယောက်အတွက် ဒုံးပျံကြီးတစ်ခု စီစဉ်ပေးတယ်။ ဒါကြောင့် သွားမယ့်လူ ရွေးချယ်ဖို့ အစည်းအဝေးခေါ်ခြင်း ဖြစ်ပါတယ်"

"ကျွန်တော်က ဆရာသော်တာဆွေကို အဆိုသွင်းပါတယ်"

ကျွန်တော်ပေးထားသော စီးကရက်ကို လက်ကြားညှပ်ကာ ဖိုးဇန်းမော်

mgyoe.com

mgyoe.com


တင်အောင်က ထ၍လုပ်လေရာ ကျွန်တော်မှာ နေရာမှ အလျင်အမြန် ထပြီး...

"ဟော့...ဟော့ ရဲဘော်ကြီး ဒါတော့သည်းခံစမ်းပါ၊ တကတဲ ဘယ်နေရာ ပျက်ကျ၊ ဘယ်နေရာသေမှန်း မသိရမယ့်ကိစ္စကြီး"

"နို့... ကိုယ့်လူက ခရီးသွားရမယ်ဆိုရင် ဘယ်ပဲသွားရသွားရဆို"

ဖိုးသန်းဆွေ ထပြန်သဖြင့်...

"ဟော့... ဂျပုရ ငြိမ်နေစမ်းပါကွ၊ ကိုယ်ပြောတာက ကချင်ပြည်လောက် ရှမ်းပြည်လောက်တင် လေယာဉ်ပျံနဲ့ ပြောတာကွ၊ အခုတော့ ဒုံးပျံကြီးနဲ့ လကို သွားမှာ တဲ့၊ မင်းပဲသွား"

"ကျွန်တော်က မိုးအောက်မြေပြင်ဆုရ ဆရာမင်းအောင်ကို အဆိုတင်သွင်း ပါတယ်"

ဦးမာဃက ထ၍ နံလေရာ ဆရာမင်းအောင်လည်း ထိုင်ရာမှ အလျင်အမြန် ထပြီး...

"အမယ်လေး... ကျွန်တော့်ကို မလုပ်ပါနဲ့ ဆရာမာဃ၊ ခင်ဗျားပဲ အရင်ပထမ အခေါက် မန္တလေးလိုက်ရပြီး နောက် မြစ်ကြီးနား မလိုက်ရတဲ့အတွက် ဒုံးပျံနဲ့ လကို ကြွတော်မူပါ"

"ကဲ... ဒါဖြင့် လူပျိုဖခင် တိတ်တိတ်ပုန်း ကလေးမွေးတဲ့ မိန်းမတွေရဲ့လင် ကိုမြင့်ဆွေကို ကျွန်တော်က အဆိုသွင်းပါတယ်"

ဘာသာပြန်ဌာန ကိုလှအောင်က လုပ်ပြန်လေရာ လင်းယုန်ဂျာနယ်တွင် လူပျိုဖခင်နာမည်နှင့် ကလောင်ကစားနေသော ကိုမြင့်ဆွေက သူ့နဂိုအမူအရာ အတိုင်း ထိုင်ရာမှမထဘဲ ခပ်အေးအေးပင် ဆေးပြင်းလိပ်တိုကို ပါးစပ်မှချွတ်ကာ...

"ကျုပ် ဒုက္ခမရှာပါနဲ့ဗျာ၊ အေးအေးနေပါရစေ၊ ခင်ဗျားနဲ့ ပင်လုံမလိုက်ရလို့ မကျေမချမ်း ဖြစ်နေတဲ့ သော်တာဆွေပဲ လိုက်သွားကြစမ်းပါ"

ကျွန်တော်သည် ထိုင်ရာမှ ငေါက်ခနဲ ထလိုက်ကာ စားပွဲကို လက်ဖနောင့် နှင့် တစ်ချက်ထုလိုက်ပြီး...

"သော်တာဆွေ... နာမည်ကို ထည့်မပြောရင် ကောင်းမယ်"

ဒေါမာန်ပါပါနှင့် စကားကိုပိတ်လိုက်ပါသည်။

သို့သော် ဥက္ကဋ္ဌ ဒဂုန်တာရာက...

"ကိုယ့်လူ ဟုတ်တယ်မှတ်လား၊ ပင်လုံကို သတင်းစာဆရာနဲ့ သတင်း

mgyoe.com

mgyoe.com


ထောက်အသင်းကသာ လိုက်ရပြီး စာရေးဆရာအသင်းက မပါတာကို တဖျစ်တောက်တောက်နဲ့ မကျေမနပ် ဖြစ်နေတယ်မှတ်လား"

"ဥက္ကဋ္ဌကလေ... ဥက္ကဋ္ဌပီပီ စကားကို ဆင်ခြင်ပြောစမ်းပါ၊ ပင်လုံဖိတ်ခေါ်တာထဲ မပါတာမှာ ကျုပ်တို့က ဘာအခွင့်အရေးကြောင့် 'မကျေမနပ်' ဖြစ်နေတယ်လို့ ပြောနိုင်ရမှာလဲ၊ 'ရှမ်းပြည်က စာရေးဆရာအသင်းကို လူရာမသွင်း၍ ဝမ်းနည်းပြီး ငိုမိပါတယ်'သာ ပြောဖို့ရှိပါတယ်"

"ကဲ... ကဲ တော်ရာခွေ၊ ရှည်မနေစမ်းနဲ့ ထိုင်စမ်း"

ဆရာရွှေပိန်သောင်းသည် ထိုင်ရာမှထ၍ ကျွန်တော့်စကားကို ပိတ်ကာ...

"ဒီဒုံးပျံနဲ့ လသွားဖို့ကိစ္စမှာ သူသွားပါ၊ ငါသွားပါ အဆိုတင်သွင်းနေလို့တော့ ရမှာမဟုတ်ဘူး၊ ဘယ်သူမှလဲ သွားချင်မှာ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် ကျုပ်လည်း မသွားချင်ဘူး၊ ဒီတော့ ကိစ္စပြီးအောင် တစ်ယောက်တစ်ယောက် တိုက်တွန်းနေမယ့်အစား ဘယ်သူဘယ်သူဟာဖြင့် သွားသင့်သလဲဆိုတာ စဉ်းစားဆုံးဖြတ်ရလိမ့်မယ်"

"အဲဒါ မှန်ပါတယ်ဗျ"

မင်းအောင်သည် တစ်ချီတစ်မောင်း ထပြန်ကာ...

"ဘယ်လိုလူစား သွားသင့်သလဲဆိုတော့ အရင် မန္တလေးတို့၊ မြစ်ကြီးနားတို့ သွားတဲ့ အခွင့်အရေးကောင်းယူထားတဲ့လူတွေ"

"ဟော့... ဟော့ ဖိုးမင်းအောင်"

မန္တလေးရော၊ မနောပွဲရော နှစ်ပွဲစလုံး နွှဲထားသည့်ကျွန်တော်က အလျင်အမြန်ထရပ်ကာ...

"ဒီလို နှစ်ခါစလုံး သွားထားရတဲ့လူတွေမှာ ခရီးပန်း အလုပ်ပျက်ဖြစ်နေလို့ အနားယူဖို့ သင့်တယ်ကွ"

ရွှေပိန်သောင်းက အပြုံးကျဲကျဲကလေးနှင့် ကျွန်တော့်ကို လက်ညှိုး ထိုးကာ...

"ဟော့... ဟော့ သော်တာဆွေ၊ လူပါးမဝနဲ့၊ မင်းအောင်ပြောတာ ဟုတ်တယ်ကွ"

"ကဲ... ဒါဖြင့် နှစ်ခါစလုံးသွားထားတဲ့လူဆိုရင် ကျွန်တော်ရယ်၊ ဂျာနေဂျိုမမလေးရယ်၊ ဒဂုန်တာရာရယ် ရှိတာပဲ။ ကျွန်တော်တော့ ဒီလကို ဘယ်နည်းနဲ့မှ မသွားနိုင်ဘူး။ အဲ... သူတို့နှစ်ယောက်သာ မေးပေတော့"

"ဒီမှာရှင့်... ကျွန်မက မိန်းမသားဖြစ်ပါတယ်"

mgyoe.com

mgyoe.com


အစ်မကြီး ဂျာနေဂျီက လုပ်လေရာ သန်းဆွေဂျပုက...

"အံမာ... ခုခါမှ ဘာမိန်းမသားလဲ၊ ဟိုတုန်းကဖြင့် ကျွန်မစိတ်ထဲ ကျားရယ် မရယ် မခွဲဘူး၊ နေရဲသွားရဲတာပဲ ဆိုပြီး..."

"ဒါက ဒီလိုရှိပါတယ်ရှင့်"

အစ်မကြီး ဂျာနေဂျီသည် သူ့ဟန်အတိုင်း လက်ဝါးကလေးဖြန့်ကာ (လွန်ခဲ့သော သင်းလုံးကျွတ် အစည်းအဝေးက ဒဂုန်ရွှေမျှားသည် ယောကျ်ားကြီးဖြစ်လျက်နှင့် "ကျုပ်ဟာ ဒေါ်တင်လှိုင် အပြောကောင်းတာနဲ့ နားယောင်မိပါတယ်"ဟု ဝန်ခံရလောက်အောင်) လေပြည်ဖျန်းတော့မည်အပြုတွင် ဤအရိပ်အခြည်သိသော ရွှေပိန်သောင်းက ထ၍...

"ကဲ... ဒေါ်တင်လှိုင်၊ အကြောင်းပြမှာက ခဏထားပါဦး၊ ဉက္ကဋ္ဌကြီး ဒဂုန်တာရာ ပြောပါစေဦး"

ဂဠုန်ခွာနာသည် ထိုင်ရာမှ ညောင်နာနာကလေးထကာ...

"ဒါတော့ ဒီကိစ္စမှာ ကျွန်တော်တော့ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ လူကလည်း ကောင်းကောင်းမမာဘူး၊ နို့ပြီး အသင်းအတွက် သမဝါယမကိစ္စတွေလည်း လုပ်ရဦးမယ်"

"အောင်မာ... အောင်မာ၊ ဒါတွေ မန္တလေးတို့ မနောပွဲတို့သွားတုန်းကတော့ သတိတောင်မရဘူး"

ကိုလှအောင်က ထ၍မှတ်ပါတော့သည်။

ဆရာရွှေပိန်သောင်းက တစ်ခါထပြန်ကာ...

"ကဲ... ဒီတော့ အချုပ်ပြောရရင် ဒီဒုံးပျံမှာ လေးယောက်သွားရမယ်ဆိုတော့ ခင်ဗျားတို့သုံးယောက်နဲ့ နောက်တစ်ယောက်ရှာပြီး သွားဖို့ပဲရှိတာပဲ"

"အို... ဆရာရွှံ့ဗိန်ဇောင်းရဲ့"

ကျွန်တော်သည် ထိုင်ရာမှထရပြန်ကာ...

"ကဲ... ဒီမှာ ကျွန်တော်တို့ကမှ မသွားချင်ဘူးဆိုနေတာကို ဘယ့်နှယ်လုပ်ဖြစ်မှာလဲဗျ၊ ဒီမှာ ဉက္ကဋ္ဌလေး"

တာရာဘက်သို့လှည့်၍...

"ဒီဒုံးပျံကို ကျုပ်တို့ မသွားနိုင်ဘူးဆိုပြီး ဒီခရီးစဉ်ကို ပြန်အပ်လိုက်ဗျာ၊ တခြားလူတွေ သွားချင်သွားပစေပေါ့"

mgyoe.com

mgyoe.com


"ဟာ... ဒီလိုလည်း ဘယ်ဖြစ်ဦးမလဲ ကိုသော်တာဆွေ"

"ကဲ... ဒါဖြင့် သတင်းထောက်နဲ့ သတင်းစာဆရာအသင်း လွှဲပေးလိုက်ဗျာ၊ ဒါမှ အိန္ဒိယက မကြာခင်တုန်းကမှ ပြန်လာတဲ့ မစ္စတာချာတာဂျီတို့၊ ဦးဘသန်းတို့နဲ့လောင်စာမောင်တုတ်ကြီးတို့ ဘယ်သူတို့ ပါသွားအောင်"

"သူတို့ကကော လက်ခံမှာလားဗျ၊ ခင်ဗျားတို့လို ရှိမှာပေါ့"

ဗန်းမော်ကြီးက လုပ်လေပြန်သဖြင့်...

"ကဲ... ဒါဖြင့် ဘယ်သူမှ သွားမယ့်လူမရှိဘူးဆိုပြီး ဒီဒုံးပျံကြီး အလကားထားလိုက်ဗျာ"

"ဒီမှာ ကိုသော်တာဆွေ... အရမ်းမပြောနဲ့ဗျ၊ ကျုပ်တို့အသင်းအတွက် ငွေပေါင်းများစွာ အကုန်ခံပြီး စီမံထားတာကို ဒီလိုလုပ်လိုက်တော့ ကောင်းမလားဗျ"

"ကဲ... ကဲ ဒါဖြင့် ဒီမပြီးနိုင်မယ့်အကြောင်းကို"

ဆရာမာဃက ထကာ...

"ဒီကော်မတီအစည်းအဝေးတင် ပြောမနေနဲ့တော့၊ အားလုံး မှာ့စ်မီတင်ခေါ်ပြီး ဆွေးနွေးမှဖြစ်တော့မယ်၊ ဒီတော့မှလည်း သွားမယ့်လူ ပေါ်ချင်ပေါ်လာလိမ့်မယ်"

"အဲ... အဲ အဲဒါဟုတ်တယ်၊ ဒီတော့မှ ကျုပ်တို့အဖွဲ့ကို ဖြုတ်ချဖို့ ကြိုးစားနေတဲ့လူတွေကို ဒုံးပျံနဲ့ လွှတ်လိုက်ရအောင်"

မင်းအောင်က ဆိုလေသည်။ ဤတွင် ဒဂုန်တာရာက...

"ကဲ... ဒါဖြင့် မာ့စ်မီတင်ခေါ်ဖို့ အားလုံးသဘောတူကြပြီပေါ့"

"မတူ ဘယ့်နှယ်လုပ်တော့မှာလဲဗျ၊ ကော်မတီချည်းမှ မဖြစ်တော့တာကို"

* * *

စာရေးဆရာရာဇဝင်၌ ဤနှစ်ယောက် လှုပ်ရှားမှုမဖြစ်ဖူးသေးအောင် ထူးခြားသောကာလ ကျွန်တော် အသင်းအမှုဆောင် ဖြစ်သည်ကစ၍ သင်းလုံးကျွတ် အစည်းအဝေး တက်ရပြီဆိုလျှင် ဘယ်အချိန်၌ အတိုက်အခံဘက်နှင့် ဆော်ရလိမ့်မည်လည်းဟု တခဲခဲနေရသောကြောင့် အိမ်တွင် ကျွန်တော့်မှာ သဲအိတ်ထိုးရခြင်း၊ အစည်းအဝေးတက်လျှင် ဘောင်းဘီဝတ်ရခြင်းကို ပြုရပါသည်။ ယနေ့ လကို မသွားဖို့ ငြင်းဆိုရသည့်ကိစ္စ၌ကား ကျွန်တော့်မှာ အထူးသဖြင့် သတိထားခဲ့ရပါသည်။ အတွင်းက ကိုယ်ကျပ်အင်္ကျီထူထူပင် ဝတ်ခဲ့ရပါသည်။

mgyoe.com

mgyoe.com


နောက်ဆုံးအခြေအနေအရဆိုလျှင် ကျွန်တော်သည် လကို သွားမည့်အစားအမှုဆောင်အဖွဲ့ကနုတ်ထွက်လိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ငွေဥဒေါင်းတို့၊ ဆရာဦးသုခတို့က ဝမ်းသာချင် သာကြပါစေတော့။

ကဲ... ပန်းဆိုးတန်းအသင်း၌ လူစုံသလောက်ရှိပြီ၊ အချိန်စေ့၍ အစည်းအဝေးက စပြီ။

ကျွန်တော်တို့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်တစ်သိုက်သည် အားလုံးတို့၏ရှေ့မှ မျက်နှာချင်းဆိုင် ခုံခုံကြီးထိုင်ကြသည်။ လူ့ထုံးစံအရ တိရစ္ဆာန်ထက်သာသော သွားကို ဖြဲပြခြင်းအမှု ပြုနေတတ်သော်လည်း ကျွန်တော်တို့အပေါ် သောက်မြင်ကတ်သော မျက်လုံးတို့မှာ ကြောင်ဂလုလုနှင့် ချာလည်လည်၍ နေကြလေသည်။

ငါတို့လူကြီးတွေ ပေါ့လျော့လို့ သူတို့လူငယ်တွေ အလစ်တက်သွားတာပါကလားဟု မစဉ်းစား၊ ရာရာစစ သူတို့က ငါတို့နေရာ တက်သွားကြသည်ဟူ၍သာ မိခင်စိတ်ထားကြကုန်သည်။ အော်... တစ်နှစ်တော့ သူတို့လုပ်တာ ကြည့်နေလိုက်ဦးမည် ဟူ၍လည်း မချုပ်တည်းနိုင်၊ ချာတိတ်တွေ ငါတို့ထားရာ နေရမည်ဟူသော ဖခင်စိတ်ကို ကိုင်ကြကုန်သည်။

ဟော... ဥက္ကဋ္ဌ မိန့်ခွန်းပြောပါတော့မယ်ခင်ဗျာ။

ညောင်နာနာနဲ့ ထပါပြီ။ မိန့်ခွန်းပြောမည်ဆိုသော်လည်း မနေ့ကရေးထားသော စာကို ဖတ်ခြင်းပါခင်ဗျ။

ဒဂုန်တာရာသည် ရှေ့၌ အသင့်ထားသော ရေဖန်ခွက်ကို တစ်ကျိုက်မော့လိုက်ပြီး ထိုင်ရာမှထကာ ချောင်းမဟန့်၊ အသံမပျိုးဘဲ လူမိခံရသော လင်ငယ်၏ အသံမျိုးဖြင့် (မရွှံ့မရဲကလေးပေါ့ ခင်ဗျာ)

“ဒီနေ့ ယခု အရေးပေါ် သင်းလုံးကျွတ် အစည်းအဝေးခေါ်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ စာရေးဆရာအသင်းသားထဲမှ လူလေးယောက် လသို့သွားနိုင်ရန် သွားဖို့ရာအတွက် ဒုံးပျံကြီးတစ်ခု စီစဉ်ပေးပါတယ်”

ပန်းလျှလျှဖြစ်သွား၍ ခေတ္တရပ်ပြီး ရေတစ်ကျိုက် အာခေါင်ဆွတ်လိုက်ရပြန်သည်။ သူ့မိန့်ခွန်းစာ ဖတ်ရသည်မှ စာရွက်ကို မျက်မှန်နှင့် ထိလုခမန်း ကပ်လျက်မျက်နှာမှာ စားပွဲတင်ပန်ကာလို ဟိုဘက်လှည့်လိုက်၊ သည်ဘက်လှည့် လိုက်နှင့် နားရွက်ထဲ ရေဝင်နေလို့လားဟု အောက်မေ့ရပါသည်။

အဟင်း... ဟု ဆက်ပြန်ပြီ။

mgyoe.com

"အဲသည်တော့ရင် ကျွန်တော်တို့ စာရေးဆရာအသင်းကြီးက လကိုသွားဖို့ လူလေးယောက် ရွေးချယ်ရန် သင်းလုံးကျွတ် အစည်းအဝေးကြီး ဖိတ်ခေါ်ရခြင်း ပါပဲ"

သူပြန်ထိုင်လေပြီ။ သူ့လက်ဝဲဘက်၌ထိုင်နေသော ဂျာနယ်ကျော် ဒေါ်မမလေးကို လှည့်ကြည့်လိုက်သည်။ ဂျာနေဂျို အစ်မကြီးသည် နှုတ်ခမ်းတော် နီတျာတျာကို စုတ်ချွန်းချွန်းထား၍ စီးကရက် လက်ကြားညှပ်နေသည်။ အသင်းသားထဲမှ သတင်းထောက် မောင်တုတ်ကြီးက ထကာ...

"ဥက္ကဋ္ဌခင်ဗျာ... မေးပါရစေ၊ အရင့်အရင် မန္တလေးတို့ မနောပွဲတို့ သွားစရာ ရှိတုန်းကတော့ ခင်ဗျားတို့ အမှုဆောင်ကချည်း ကျိတ်ကျိတ်သွားကြပြီးတော့၊ အခု လသွားဖို့ကိစ္စကျမှ ဘာကြောင့် သင်းလုံးကျွတ်အစည်းအဝေး ခေါ်ခြင်းပါလဲ"

"သဘောအစ္စပွိုင့်... ပွိုင့်"

အောင်ဗလက ဆိုသည်။

ကျွန်တော်သည် ဒဂုန်တာရာ ညာဘက်က ကပ်ထိုင်နေသည်ဖြစ်၍ သူ့ဘက် မသိမသာလေးငဲ့ကာ လေသံတိုးဖြင့်...

"အဆေး... မဟာန်ဘူးထင်တယ်ဗျို့၊ ဟိုနေ့က ရွှေပိန်သောင်းပြောတာလို ကျွန်တော်တို့ဘက်လှည့်လာရင်တော့ ကျွန်တော်တို့ နှုတ်ထွက်လိုက်ကြပါစို့လားဗျာ"

သူက ဣန္ဒြေမပျက်ဟန်နှင့်...

"အခြေအနေ ကြည့်လုပ်ရတာပေါ့ဗျာ"

အမှန်စင်စစ်မှာ ဒဂုန်တာရာသည် သူ့ဥက္ကဋ္ဌရာထူးလေးကို ခင်တွယ်လှလေသည်။

ယင်းသည့်အခိုက်ဝယ် ဥက္ကဋ္ဌက ကိုတုတ်ကြီးအမေးကို ပြန်ဖြေရန် နှောင့်နှေးနေသည်၌ ကျွန်တော်တို့ အတွင်းရေးမှူး လင်းယုန်နီက ထပြီး...

"ဒါ မေးနေစရာ မလိုပါဘူး၊ မေးနေဖို့ အချိန်မဟုတ်ပါဘူး၊ ဘယ်လူ သွားမယ်၊ မသွားဘူး၊ ဘယ်သူ ဘယ်သူ သွားသင့်တယ်သာ အဆိုသွင်းဖို့ ရှိကြပါတယ်"

"ဒါ ဟုတ်တယ်"

"ဒါ မှန်တယ်"

"ဒါ နည်းလမ်းကျတယ်"

အသင်းသားထဲမှ ကျွန်တော်တို့ရဲဘော်များ ဖြစ်ကြသော မောင်ကြည်လင်၊

mgyoe.com

mgyoe.com


ကိုအောင်လင်း၊ ကိုမြသိန်းတို့က ဆိုကြကုန်သည်။

ဤတွင် ကျွန်တော်က အရက်တိုက်မည်ဟု ကတိပေး သင်ကြားထားသော ပေတိုးကထကာ...

'ဒီကိစ္စမှာ သတင်းစာပိုင်းကရော၊ စာရေးဆရာထဲကရော စုံစုံညီညီပါသွားအောင် ကျွန်တော် တစ်ခါတည်း လေးယောက်ပြူး အဆိုသွင်းပါ့မယ်၊ သတင်းစာဘက်ကဆိုရင် ရန်ကုန်သတင်းစာတိုက်က မြို့မမောင်၊ ရှေ့ဆောင်က ဦးသန်းထွန်း၊ စာရေးဆရာထဲက ငွေဥဒေါင်းနဲ့ မြို့မဆရာဟိန်"

ပေတိုး၏စကားမဆုံးမီပင် လေးယောက်စလုံး ငေါက်ခနဲထကြသည်။ စင်စစ် ကျွန်တော် ပေတိုးကို သင်ကြားထားသည်မှာ ကျွန်တော်တို့အဖွဲ့ကို အတိုက်အခံပြုရာ၌ အသည်းဆုံးဖြစ်သော ဤလေးယောက်ကို တစ်ခါတည်း ကိစ္စအေးအောင် စီမံလိုက်ခြင်းဖြစ်ပါသည်။

သို့သော် မရ။ သူတို့သည် သတင်းစာတွေဘာတွေတောင် ထုတ်နေတဲ့ လူပါးများဖြစ်ကြ၍ ပထမဦးဆုံး မြို့မမောင်ကပင် သူ၏ရှည်လျားသောနှုတ်ခမ်းတို့ကို လက်ဖက်ရည်ကရား နှုတ်သီးနှင့်တူအောင် ရှေ့သို့ယွန်းစုလိုက်ကာ လိမ္မာရေးခြားသော ဟန်မူရာဖြင့်...

"ဒီလို ကျွန်တော့်ကို စေတနာကောင်းနဲ့ အဆိုသွင်းတဲ့အတွက် အထူးဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ သို့သော်လည်း မကြာမီပဲ ကျွန်တော် ခရီးသွားစရာ ရှိတယ်ဆိုပြီး အသင်းငွေသိမ်းအဖြစ်ကတောင် နုတ်ထွက်ထားရတဲ့အတွက် လကိုဒုံးပျံကြီးစီးပြီးသွားဖို့ အခွင့်အရေး လက်မခံနိုင်တဲ့အတွက် များစွာပဲ ဝမ်းနည်းပါတယ်"

တစ်ဖန် တစ်ထောင့်မှ ကိုသန်းထွန်းနှင့် မြို့မဆရာဟိန်က နှစ်ယောက်ယှဉ်နေ၍ သူအရင်ပြောရမလို၊ ငါအရင်ပြောရမလို လုပ်နေစဉ်တွင် ရှေ့ဆုံးတန်း၌ကျနေသော ငွေဥဒေါင်းက နောက်က နှစ်ယောက်ကိုပင် လက်ပြန်ကာလိုက်ပြီး...

"ဒီမှာ ဆရာဟိန်နဲ့ကိုသန်းထွန်း၊ ခင်ဗျားတို့ လက်မခံနိုင်တဲ့အကြောင်း ပြောမလို့ပဲ မဟုတ်လား၊ ဒါဖြင့် မပြောနဲ့တော့ ကျွန်တော်တစ်ယောက်တည်းပဲ အားလုံးအတွက် ပြောလိုက်တော့မယ်"

ဆိုပြီး ကျွန်တော်တို့ဘက်လှည့်ကာ...

"ဒီမှာ ဥက္ကဋ္ဌနဲ့ အမှုဆောင်အပေါင်းတို့ ခင်ဗျား"

"ဗျာဗျာ... ဗျာဗျာ... ဗျိုဗျို... ဗျိုဗျို"

mgyoe.com

သူ့စကားရှော်သွားအောင် ကျွန်တော်တို့က ဖောက်လိုက်ရသည်။ သို့သော် သူက ဣန္ဒြေမပျက်ဆက်သည်။

"ဒီကိစ္စမှာ အသင်းသားတွေထဲက ဘယ်သူ သွားသင့်တယ်၊ ဘယ်သူ့သွားပါနဲ့ အဆိုတွေတင်သွင်းခိုင်းမနေနဲ့၊ ဘယ်သူမှသွားမှာ မဟုတ်ဘူး" ဟုဆိုပြီး သူ့နောက်ဘက်လှည့်ကာ...

"အသင်းသားတွေထဲက သွားချင်တဲ့သူ မရှိကြဘူး မဟုတ်လား"

"မရှိဘူး... မရှိဘူး"

"ဘယ်ကိုမှ မသွားချင်ဘူး"

"ကြံတောဖြစ်ဖြစ်၊ တာမွေဖြစ်ဖြစ် သွားတာကမှ ဆွေမျိုးလာရင် ကိုယ့် သင်္ချိုင်းတွေ့ရဦးမယ်"

"ငွေဥဒေါင်း စိတ်ချလက်ချသာပြော၊ တစ်ယောက်မှမရှိတာ သေချာတယ်"

အားလုံးကုန် တစ်ယောက်တစ်ပေါက်နှင့် သူ့ဘက်က ဝိုင်းမြှောက်ပေးလိုက်၍ ကျွန်တော်တို့ဘက်ပြန်လှည့်ကာ...

"ဒီတော့ သာမန်အသင်းသားထဲက မစဉ်းစားဘဲနဲ့ ခါတိုင်းသွားနေကျ အမှုဆောင်တွေထဲကပဲ ရွေးချယ်ပါတော့"

"ဒါဟုတ်တယ်၊ ဒါမှန်တယ်"

ဝိုင်းအော်ကြပြန်လေရာ ကျွန်တော့်မှာ မိမိတို့ဘက်လှည့်လာပြီဖြစ်သောကြောင့် မနေသာတော့ဘဲ ထိုင်ရာမှထလိုက်ကာ...

"ဒီမှာခင်ဗျာ... ဒီကိစ္စမှာ အသင်းသားသော အမှုဆောင်သော ခွဲခြားမနေဘဲ စာရေးဆရာတွေထဲမှာ ထူးခြားသော ဂုဏ်ဒြပ်ရှိတဲ့ စာပေဗိမာန်ဆုရ ဆရာတက်တိုးတို့၊ မင်းအောင်တို့ကို လွှတ်သင့်ပါတယ်"

ဆရာတက်တိုးသည် မျှစ်စို့ကြီးထောင်လိုက်သလို နေရာမှ ငေါက်ခနဲထကာ...

"ဟော့... ဟော့ ကောင်လေး၊ ငါ့ကို သေကြောင်းမကြံပါနဲ့၊ အခုမှ စာပေဗိမာန်ဆုရခါစ ပူပူနွေးနွေးကလေး ရှိပါသေးတယ်"

"ကဲ... ဒါဖြင့် မင်းအောင်ကော၊ ခင်ဗျားကတော့ ၂ နှစ်ရှိပြီ၊ သေပျော်ပါပြီ"

မင်းအောင်သည် ကျွန်တော်နှင့် တစ်ယောက်ခြားထိုင်လျက် ရှိသည်ဖြစ်၍ ကျွန်တော့်ဘေးကိုတွန်းလိုက်ကာ...

mgyoe.com

mgyoe.com


"မင်းက အချင်းချင်း ဘက်မပြန်စမ်းနဲ့ကွ"

"နို့... ဟုတ်သားပဲကွ၊ ပညာရှိကြီးများ ဆုံးဖြတ်ပေးတဲ့ ဆုရလို့ တစ်နှစ်လောက် နေပြီးကတည်းက သေဖို့ကောင်းနေတာ၊ ဒါဖြင့် သုံးနှစ်မြောက်မှာသေကွာ၊ အမှန်ဆို မင်းကြာကြာနေဖို့ မကောင်းဘူးကွ၊ အသက်ရှည်လေ ကြွေးထူလေ ထူနေမှာ"

"ဟော့... ငါက မင်းလို အရက်ဆိုင်အကြွေးရတိုင်း သောက်နေတာမှုတ်ဘူးကွ"

သူက ကျွန်တော့်ပြန်အုပ်လေရာ ကျွန်တော်ကထပ်မတွယ်ရသေးမီ ငွေဥဒေါင်းက ထ၍...

"ကိုယ့်လူတို့ ကိုယ့်လူတို့... စကားရောဖောရောနဲ့ တွေ့ကရာတွေပြောပြီး အချိန်ကုန်အောင် လုပ်မယ်မကြံပါနဲ့၊ ဒီနေ့ အစည်းအဝေးခေါ်တဲ့ကိစ္စ ပြီးအောင်သာ လုပ်ကြစမ်းပါ"

"မင်းအောင်ရေ... ငွေဥဒေါင်းက ငါတို့ အကြံတောင် သိသွားပဟေ့"

ကျွန်တော်က တိုးတိုးပြောလိုက်ပါသည်။ သည်စကား ငွေဥဒေါင်း ကြားသွားပြန်ကာ...

"သိတာပေါ့ ကိုယ်လူ၊ ကဲ...ရေရှည်ဆွဲမနေနဲ့၊ ဒီဒုံးပျံနဲ့ လကိုသွားဖို့ အသင့်လျော်ဆုံး တစ်သင်းလုံးက သဘောတူမယ့်လူတွေကို ကျုပ်က အဆိုသွင်းမယ်"

"သွင်းပါ... သွင်းပါ"

သူ့ဘက်က ထောက်ခံမည့် ငနဲများက ဝိုင်းအော်ကြသည်။

"အခု တင်သွင်းမယ့်အဆိုကလည်း စင်စစ်တော့ အသစ်အဆန်း မဟုတ်ပါဘူး၊ သူတို့ အမှုဆောင်အစည်းဝေးမှာတုန်းက ရွှေပိန်သောင်း ပြောတဲ့အတိုင်းပါပဲ"

ဤတွင် ဒဂုန်တာရာ မျက်လုံးပြူးကာ...

"ဟင်... ဟင် အမှုဆောင် အစည်းအဝေးကဟာကို အပြင်မပေါက်ကြားရဘူး ဆိုတာ ဘယ်သူကများ ပြောလိုက်ပြန်ပါလိမ့်"ဟု ကြောင်လည်လည်လေးနှင့် ရေရွတ်မိလေရာ ငွေဥဒေါင်းက...

"တခြားလူ မဟုတ်ပါဘူး၊ ခင်ဗျားနံဘေးက သော်တာဆွေပါပဲ"

ဒဂုန်တာရာက လှည့်အကြည့်၌ ကျွန်တော် ဘာမျှပြန်မပြောနိုင်၊ ခိုးထုပ် ခိုးထည်နှင့်မိသလို ငိုင်နေရပါသည်။

"ခင်ဗျား ဘာလို့သွားပြောလိုက်လဲဗျ"

"သူ့ပြောတာ မဟုတ်ဘူးဗျ၊ ရှုမဝကိုကျော်ကိုပြောတာ သူကြားသွားတာဗျ"

mgyoe.com

"အပြင်ကို ဘယ်တော့မှ မပေါက်ကြားရဘူးလို့ ပြောထားရဲ့သားနဲ့"

"အဲဒါ ကျွန်တော့်ဝါသနာကလည်း ဒါမျိုးပြောရတာ အရသာရှိတယ်ထင်လို့ဗျ"

ကျွန်တော်တို့ ဤသို့ပြောနေကြသည်ကို ခပ်လှမ်းလှမ်းမှ အောင်ဗလက အဘယ်ကဲ့သို့ ထင်လေသည်မသိ။

"ဟေ့... ဟေ့ သူတို့ချင်း ခေါင်းချင်းရိုက်ဖို့ အချိန်မပေးနဲ့၊ ငွေဥဒေါင်းက အဆိုကို ဆက်သွင်းပါ"

"သွင်းပါ့မယ်၊ ပြောရမှာကလည်း တခြားမဟုတ်ပါဘူး၊ လကိုသွားဖို့ လေးယောက်မှာ မန္တလေးတုန်းကရော၊ မနောပွဲတုန်းကရော နှစ်ခါစလုံး လိုက်ထားကြတဲ့ သော်တာဆွေ၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော် မမလေးတို့သုံးယောက်နဲ့ တခြားတစ်ယောက်ကို ရွေးဖို့ပါပဲ"

"ဒါ ဟုတ်တယ်"

"ဒါ မှန်တယ်"

"ဒီထက် သင့်လျော်တာဖြင့် မရှိတော့ဘူး"

"သိကြားမင်း ဆင်းစီမံတောင် ဒါထက်ကောင်းမှာ မဟုတ်တော့ဘူး"

"သုဓမ္မစာရီဖြတ်ထုံးထဲက ခိုးချထားတဲ့အတိုင်းပါပဲ"

အားလုံးလူထုက လက်ခုပ်သံတဖြောင်းဖြောင်းနှင့် ဆူဆူညံညံ ထောက်ခံကြလေသည်။ ကျွန်တော်တို့သုံးယောက်မှာ ကြက်နာကြီးတွေလို ခေါင်းကြီးတွေ လေးကျနေကြသည်။

နောက်ဆုံး၌ ကျွန်တော်သည် ထိုင်ရာမှထလိုက်ကာ စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးဟန်နှင့်...

"ကိုင်း... ကျွန်တော် အမှုဆောင်အဖွဲ့က နုတ်ထွက်ပါပြီ"

အတိုက်အခံသမားတွေ ဝမ်းသာကြပေရော့။

သို့သော် သူတို့သည် မည်သို့မျှ ထူးခြားဟန်မရှိဘဲ တဝါးဝါး တဟားဟားနှင့် ဝိုင်းရယ်ကြပါသည်။

ကျွန်တော် ရှက်ကာ မျက်မှောင်ကုတ်၍...

"ဘာရယ်ကြတာလဲဗျ"

"ဝါး... ဟား... ဟား"

mgyoe.com

mgyoe.com


ထပ်ရယ်ကြသည်။

“ဘာ... ခင်ဗျားတို့က လူအရူးမှတ်လို့လားဗျ”

“ဝါး... ဟား... ဟား... ဟား”

“ခင်ဗျားတို့က လူရန်စတာလားဗျ၊ ကျုပ် ပေါင်းတည်သားဗျ”

“ဝါး... ဟား... ဟား... ဟား”

ထပ်၍ ထပ်၍သာ ရယ်နေကြသဖြင့် နောက်ဆုံး၌ ကျွန်တော် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ အံကြိတ်၍ အင်္ကျီလက်မောင်းကိုပင့်ကာ နီးရာ လူတစ်ယောက်ကို မျက်စောင်းခဲပြီး တစ်ချက်တည်း ဝုန်းခနဲ ထိုင်ချလိုက်မိရာ လူမှာ ဖင်ဆိပ်တက်၍ အတော်ပင် အောင့်သက်သက် ဖြစ်သွားပါတော့၏။

ဤတွင် ဒဂုန်တာရာက ထကာ...

“ကျွန်တော်လည်း ဥက္ကဋ္ဌရာထူးက နုတ်ထွက်ပါပြီ”

“ဝါး... ဟား... ဟား... ဟား”

ရယ်မြဲရယ်ကြပါသည်။

ဂျာနယ်ကျော်မမလေးကလည်း ထ၍...

“ကျွန်မလည်း ထွက်ပါပြီ”

“ဝါး... ဟား... ဟား... ဟား”

“ရှင်တို့ ဘာရယ်ကြတာလဲရှင့်”

“ဝါး... ဟား... ဟား... ဟား”

ထိုအချိန်မှ ငွေဥဒေါင်းက သွားဖြဲကြီးနှင့် ထပြီး...

“ကိုင်း... ရယ်တာတော့ အထူးမပြောပြစေနဲ့တော့၊ ကျုပ်တို့ အသင်းသားအားလုံး ညကပဲ မြို့မမောင်တိုက်မှာ စီမံကြပြီ၊ အခု ခင်ဗျားတို့ဟာ အမှုဆောင်အဖွဲ့က နုတ်ထွက်ချင်လို့လည်း မရတော့ဘူး၊ လကိုမသွားချင်လို့လည်း မဖြစ်တော့ဘူး၊ နောက်ထပ် ဘာမျှပြောစရာ မလိုတော့ဘူး”

စီရင်ချက်ချပြီးသော အမိန့်သံမျိုးနှင့် ပြောလေရာ သူ့စကားအဆုံး၌ အားလုံး လူထုသည် တစ်ခဲနက်အသံဖြင့်...

“ဒါ လူထုသဘော”

“ဒီမိုကရေစီနည်းပဲ”

“အများဆန္ဒကို ဆန့်ကျင်ဘက်လုပ်ရင် ချက်ချင်းချေမှုန်းပစ်လိုက်မယ်”

mgyoe.com

"အရိုးအသား ရှာမတွေ့ဘူး ဖြစ်သွားမယ်"

ဝိုင်း၍အော်ဟစ်ကြလေရာ ကျွန်တော်တို့ သုံးယောက်မှာ မိမိတို့ကိုယ်တွေ ပင် ဤအသံတွေအကြား၌ ပျောက်ကွယ်သွားလေပြီထင်ရ၍ ဘယ်များလိုက်ရှာရပါ မလဲ ဟူသော မျက်လုံးမျိုးနှင့် ကြောင်တောင်ကလေးတွေ ကြည့်နေရပါတော့သည်။ တယ်... လူထုအင်အား ကြောက်ဖို့ကောင်းတာလား။

ကျွန်တော်တို့ ဘာမျှ မငြင်းဆန်နိုင်တော့ပြီ။ လသွား၍မှ အဆင်သင့်လျှင် ပြန်ရောက်ချင်ရောက်ဦးမည်။ ယခုငြင်းက ချက်ချင်း အသက်ထွက်ရမည်။ ဒီနေရာ မျိုးမှာ ကျွန်တော် ပေါင်းတည်သား သေရမှာတော့ မကြောက်ပါ။

သို့သော် သူတို့က အရိုးအသား ရှာမတွေ့ ဖြစ်သွားမည်ဟု ဆိုသောကြောင့် တမလွန်ဘဝရောက်သွား၍မှ ကိုယ့်ခန္ဓာကိုယ်ကလေးကိုမှ ကိုယ်ပြန်ကြည့်ပြီး ငိုစရာ မရှိဘူးဆိုတော့ ဘယ်ကောင်းမလဲဗျာ၊ ဒါကြောင့်ပါ။

ဤတွင် ဂျပုသန်းဆွေသည် သူ့အပြင် အလွမ်းစာရေးဆရာ မရှိစေချင်ဟန် တူသည်။ ငြိမ်နေရာမှထပြီး...

"မင်းရှင်... မင်းရှင်... မင်းရှင် မောင်းတတ်တယ်ဗျ"

မင်းရှင်မှာ ဤနေ့မှပင် သူ့အဖေ မော်တော်ကားကို ဗုန်းလာခဲ့မိလျက်သား ဖြစ်နေ၍ မငြင်းနိုင်တော့ပေ။ အများလူထုကလည်း...

"ဟုတ်တယ်... ဟုတ်တယ်၊ မနေ့ပွဲသွားတုန်းကလည်း သူတို့လေးယောက်ပဲ၊ အင်မတန်ကို သင့်လျော်တာပဲ"ဟု အော်ကြပြန်လေသဖြင့် မင်းရှင်လည်း ခေါင်းငိုက် စိုက်ကျသွားတော့၏။

ဤသို့ ကျွန်တော်တို့လူစု အရေးနိမ့်သွားသောအခါတွင် အအိ ဖိချချင် သော လူတို့၏ ဝါဒအတိုင်း အမျိုးမျိုးပြောကြလေသည်။

"အင်း... မန္တလေးတို့၊ မြစ်ကြီးနားတို့ သွားတုန်းကဖြင့် မျက်နှာကလေးတွေ စပ်ဖြဲ စပ်ဖြဲနဲ့ ပိုက်ဆံပေါပေါ လင်ရတဲ့ နှမမင်္ဂလာဆောင်ဧည့်ခံရတာလို၊ အခုမှ နှမကိုယ်ဝန်ဆောင်တာကို မြင်ရတာလို မျက်နှာတွေ မထားတတ် မကြည့်တတ် ဖြစ်ကုန်ပြီ၊ သူတို့အထဲ အဲဟို... သော်တာဆွေဆိုတဲ့အကောင် အကဲဆုံးပေါ့ကွ၊ ကာတွန်း ဦးဘဂျမ်းက သူတော် မနေ့ပွဲသွားရလို့ မိုးမမြင်လေမမြင်ဖြစ်ပြီး ခလုတ်တိုက် မှောက်လျက်လဲတယ်ဆိုတာ သူ့ကြည့်ဆွဲတာပေါ့"

ကျွန်တော် သူတို့ပြောတာတွေ မကြား၍မဟုတ်ပါ။ သို့သော် ယခုအခါ၌

mgyoe.com

mgyoe.com

လူမှာ စိတ်အားကိုယ်အား ညှိုးငယ်နေ၍ ဘာမျှ ပြန်ပြောလိုစိတ် မရှိပါ။

ဤအတွင်းတစ်ယောက်က ဆက်ပြန်ပါသည်။

"ဟာ... သူကတော့ လသွားဖို့ကိစ္စမှာ သူ့နာမည်နဲ့ အင်မတန် ဆီလျော်တာပဲ၊ သော်တာဆွေဆိုတော့ လရဲ့အဆွေ။ ဟော... အခု လသွားပြီး သော်တာဆွေကနေပြီး သော်တာသေဖြစ်ဖို့ ရှိတော့တာပေါ့ဗျ"

ကြည့်စမ်းဗျာ... ဘယ်လောက် မခံချင်စရာကောင်းသလဲ၊ ဒီအထဲ ပဒေသာတုံးက ကျွန်တော် မြှောက်စားလိုက်လို့ မောက်ကြွားသွားတဲ့ သောခုပဟာလည်း ပါလာတဲ့ပြီး...။

"ဟေ့... သေခြင်းဆိုး"တဲ့ ကြည့်စမ်းပါဦးဗျာ။ သူခေါ်ပုံလည်း...

"မင်း ဘာမှဝမ်းမနည်းနဲ့၊ သေတော့ သေမှာပဲ၊ အဲ... အဝီစိမှာ နေစရာမရှိလို့ မင်းမသေဘဲ ပြန်ရောက်လာရင်လည်း လပြန်သော်တာဆွေ ဖြစ်ကရောပေါ့ကွာ၊ ဘိလပ်သွားတဲ့ တင့်တယ်ထက် သာတာပေါ့ကွ"တဲ့ ဒီကောင်မျိုး မြန်မြန်သေပါစေဗျာ။

နောက်တစ်နေ့ သတင်းများထဲ၌...

လသို့ ဒုံးပျံနှင့်သွားကြမည့် မြန်မာ့အာဇာနည်များ

ဒဂုန်တာရာ၊ ဂျာနယ်ကျော် မမလေး၊ မင်းရှင်၊ သော်တာဆွေ။

ကျွန်တော်မှာ ဤစာလုံးကြီးတွေကြည့်ပြီး အာဇာနည်ဘွဲ့ရခါမှ မျက်ရည်တောက်တောက်ယိုပါသည်။

"ဟင်... ဒါဟာ မသာ ကြော်ငြာတွေပါလားခင်ဗျား"

စိတ်ထဲ၌ ရေရွတ်မိပါသည်။ ဤအကြောင်း သတင်းစာထဲပါပြီးမှလည်း လူမှာ အိမ်တွင် အကောင်းမနေရတော့ပါ။ ကြွေးရှင်တွေက လာလာရှာကြသဖြင့် ဟိုရှောင် သည်ရှောင်နှင့်သာ နေရပါသည်။

* * *

လူတို့မည်သည် တစ်စုံတစ်ခုသော အရေးအခင်းကို မည်မျှပင် ကြိုတင်ကြောက်ရွံ့လာခဲ့လင့်ကစား ၎င်းကိစ္စနှင့် မလွှဲသာမရှောင်သာ တွေ့ဆုံရတော့မည်ဟု သိရှိပြီးသောအခါတွင် ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်နှလုံး တုံးတုံးချလိုက်ကာ တွေဝေထိုင်းမှိုင်းသော်လည်းကောင်း၊ ရဲရင့်တည်ကြည်၍သော်လည်းကောင်း ထိုသူ၏ မူလဓာတ်ခံကိုလိုက်၍ ဖြစ်တတ်ပေရာ ကျွန်တော်မှာမူ အထက်ပါ နှစ်မျိုးလုံးနှင့် ဘယ်

mgyoe.com

mgyoe.com


ခင်းမှ အကျုံးမဝင်ဘဲ ဤခရီးကိုသွားရန် သေချာသည့် အချိန်မှစ၍ တစ်မိနစ်မျှ ဂနာမငြိမ် ဣန္ဒြေမတည်တော့ဘဲ ထဘီပဲဝတ်နေရမလား၊ ဘုန်းကြီးသင်္ကန်းပဲ ဆွဲလုလိုက်ရကောင်းမလားဟု အမျိုးမျိုး ချောက်ချားကာ စားချင်ရာစား၊ သောက်ချင်ရာသောက်နှင့် နောက်ဆုံးတွင် (ပြောပါရစေတော့) အရက်ဆိုင်သို့ရောက်သည်အထိပင် ဖြစ်သွားပါတော့၏။

ကျွန်တော် မရှက်ပါဘူး၊ ပြောရဦးမည်။ ဘယ်အချိန် ဘယ်အခါရောက်၍ ဘယ်နှရက်မြောက်သောနေ့တွင်မသိ အရက်ဆိုင်ထဲမှ ဒယီးဒယိုင်နှင့်ထွက်လာသော ကျွန်တော့်အား ဒဂုန်တာရာသည် လက်မောင်းကိုဆွဲကိုင်ကာ...

"ဟင်... ကိုသော်တာဆွေ... သောက်လှချည့်ကလား"

ကျွန်တော်သည် လေးလံသော၊ ရီဝေသော မျက်လုံးတို့နှင့် သူ့ကိုမကြည်ကြည့်ကလေး ကြည့်ကာ...

"မထူးတော့ဘူး ကိုဌေးမြိုင်၊ ကျွန်တော် အခုတော့ သောက်တော့မှာပဲ"

"အိုး... ခင်ဗျား အရင်တုန်းကကော မသောက်လို့လား"ဟု ပြောကာ သူနှင့်အတူပါလာသော မင်းရှင်နှင့် နှစ်ယောက်သား ရယ်ကြသဖြင့် ကျွန်တော်မှာ မိမိကိုယ်မိမိ အံ့အားသင့်သလိုဖြစ်ကာ...

"ဟင်... ကျွန်တော် အရင်တုန်းကလည်း သောက်တယ်လား"

သူတို့နှစ်ယောက်က ထပ်ဆင့်ရယ်ကြပြန်သဖြင့် ကျွန်တော့်ကိုယ်ကျွန်တော်ပို၍ မသေမချာဖြစ်ပြန်ကာ...

"ဟင်... ပြောစမ်းပါဗျ၊ ကျွန်တော် ဟိုတုန်းကလည်း သောက်တတ်ရင်သောက်တယ်လို့၊ ကိုယ့်အချင်းချင်းတွေ ကွယ်ဝှက်နေရမယ့်လူတွေမှ မဟုတ်တာဘဲ၊ ဟင်း... မဟုတ်ဘူးလား ကိုမင်းရှင်ရဲ့၊ ခင်ဗျား မြစ်ကြီးနားက ဝယ်လာတဲ့ ခွေးမလေးကော အပျိုမဖြစ်သေးဘူးလား"

"ခွေးထီးလေးပါဗျ"

"ထီးထီးလေ၊ မေးတာပြောစမ်းပါ"

ဤတွင် ကိုဌေးမြိုင်သည် ကျွန်တော့်ပခုံးကိုကိုင်ကာ...

"စကားများမနေနဲ့၊ လာသွားကြမယ်"

"ဘယ်သွားမှာလဲဗျ"

"ဒီနေ့ အမေရိကန် ဆရာကြီးတစ်ယောက်ရဲ့ လက်ချာကို သွားနားထောင်

mgyoe.com

mgyoe.com


ရမယ်လေ”

“ဘယ်က အမေရိကန်ဆရာကြီးလဲ”

“အမေရိကန်ကလာတဲ့ အမေရိကန်ဆရာကြီးပေါ့”

“ဘာကိစ္စလဲ”

“ကျွန်တော်တို့ သွားရမယ့်ခရီးအတွက် အာကာသလောကရဲ့ အနေအထားနဲ့ ဒုံးပျံအကြောင်း ပြောပြမှာပါ”

“ဟာ... ဒီလိုဆို ကျွန်တော် မလိုက်ချင်ဘူး”

“မလိုက်ချင်လို့ ဘယ်ဖြစ်မလဲ၊ လာပါ”

သို့နှင့် ဟိုရောက်သောအခါ အမေရိကန် လောကဓာတ်ဆရာဆိုသူ၏ လက်ချာကိုသာ နားထောင်ရပါသည်။ သို့ရာတွင် ကျွန်တော် ဘာမျှ မည်မည်ရရ နားမလည်ပါ။ သူ အင်္ဂလိပ်လို အမေရိကန်သံနှင့် တရွှီးရွှီး တရွှဲရွှဲပြောနေသည်မှာ အရက်မူးနေသော ကျွန်တော့်အား ချော့၍သိပ်သလို ဖြစ်နေပါသောကြောင့် ကျွန်တော် ကုလားထိုင်နောက်မှီရင်း အိပ်ပျော်သွားပါသည်။ နောက်ဆုံး ကျွန်တော် အိပ်ရာမှနိုး၍ ကြားလိုက်သည်မှာ...

“ကဲ... မရှင်းလင်းသေးတာ၊ မသိသေးတာရှိရင် မေးကြပါ”

ဟု ဆိုသဖြင့် ကျွန်တော် အမူးမပြေ့တပြေ့နှင့် ထလိုက်ကာ...

“ကျွန်တော် သိချင်တာကတော့ (၁) လမှာ အရက်ရနိုင်ပါသလား၊ (၂) ရနိုင်ရင် ဘယ်အမျိုးအစားတွေလဲ၊ ဘယ်သင်းက ပိုကောင်းသလဲ၊ (၃) ချက်တဲ့ရုံမှာ တိတ်တိတ်ပုန်းသွားဝယ်ရင် ဘယ်ဈေးနှုန်းလဲ၊ (၄) လိုင်စင်နဲ့ဆိုင်ရောက်ရင် အစိုးရ အကောက်အခွန်က ဘယ်နှုန်းယူသလဲ၊ (၅) အခု မြန်မာပြည်အစိုးရထက် သက်ညှာသလား၊ ပိုမိုဆိုးရွားသလား၊ ဒီအချက်ငါးချက်တည်းပါပဲ”

ထိုအမေရိကန်မှာ ကျွန်တော်၏ အင်္ဂလိပ်စကားကို နားလည်ဟန်မတူ၊ အူကြောင်ကြောင်နှင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပင် ကျွန်တော်က အိပ်သောယောကျ်ား နိုးလာသောအလားသို့ ဆိုသည့်အတိုင်း ရုတ်တရက် ကိုးရိုးကားရား မေးလိုက်ခြင်းဖြစ်သောကြောင့် အံ့အားသင့်နေသော ဒဂုန်တာရာသည် ကျွန်တော်၏ စကားဆုံးမှ ကျွန်တော့်ကို ဆွဲထိုင်ခိုင်းလိုက်ရန် သတိရသည်နှင့် လက်ကိုဆွဲချလိုက်ပြီး စိုးရိမ်ထိတ်လန့်သောဟန်ကလေးဖြင့်...

“ဘယ့်နှယ် လျှောက်မေးနေတာလဲ၊ တော်ပါသေးရဲ့၊ ဟိုက ခင်ဗျားစကား

mgyoe.com

mgyoe.com


နားမလည်လို့”

“နို့... မသိတာရှိ မေးချင်ရာမေးဆို”

“အို... ဒါ မေးစရာလားဗျ၊ လမှာက လေလည်းမရှိဘူး၊ သက်ရှိသတ္တဝါရော အသီးအပင်ရော မရှိဘူးဆိုနေတာ ဘယ့်နှယ်လုပ် အရက်ရမလဲဗျ”

“သိပေါင်ဗျာ... ကျုပ်လည်း အိပ်ရာကနိုး အရက်ဆာတာနဲ့ ဒီလိုဆို မြစ်ကြီးနားကမှ ဟန်သေးတာပေါ့ဗျာ၊ နို့... ဟိုမှာ လေတောင် မရှိဘူးဆိုတော့ ကျုပ်တို့က ဘာရှူနေရမှာလဲဗျ၊ ဘောလုံးတွေယူသွားပြီး တစ်လုံးပြီးတစ်လုံး ဖောက်ရှူနေရင်လည်း ဒီအလုပ် လုပ်နေရတာနဲ့ပဲ ဒီကဝယ်သွားတဲ့ အရက်ကလေးတောင် သောက်ချိန်ရမှာမဟုတ်ဘူး၊ ငါ့လခွီးတဲ့ စိတ်ကိုပျက်ကရော”

ကျွန်တော်သည် ညည်းညူလိုက်ရာ ဒဂုန်တာရာသည် မျက်နှာကိုရှုံ့ပြီး...

“အို... ကြံကြံဖန်ဖန်ဗျာ၊ ဘယ်က ဘောလုံးတွေဖောက်ရှူနေရမှာလဲဗျ၊ ဒီက အောက်စီဂျင်ဓာတ် ယူသွားရမယ်ဗျ၊ ခင်ဗျား ခုန သူပြောနေတာတွေ မကြားဘူးလား”

“မကြားလို့ ခင်ဗျား သောက်ဖက်လုပ် မေးနေတာပေါ့ဗျ၊ ကြားရင် မေးပါ့မလား၊ နို့ပြီး ဒီခရီးကရော လမ်းမှာ ဘယ်လောက်ကြာ သွားရမှာတဲ့လဲ”

“ဒီလိုလေဗျာ... ကမ္ဘာနဲ့လက မိုင်ပေါင်း နှစ်သိန်းလေးသောင်း ဝေးတယ်၊ ဒုံးပျံက တစ်စက္ကန့်မှာ ၇ မိုင်နှုန်းသွားနိုင်တော့ ဒီအတိုင်းဆိုရင် ၉ နာရီခွဲ ၁၀ နာရီလောက် ကြာမယ်၊ သို့သော် ကမ္ဘာနဲ့ဝေးသွားတဲ့အခါမှာ နှုန်းလျော့သွားမှာမို့ ဒီထက်ပိုကြာမှာပဲလို့ မှန်းဆရတယ်တဲ့”

“ကမ္ဘာနဲ့ဝေးတော့ ဘာလို့ ဒုံးပျံကနှုန်းလျော့ဦးမှာလဲဗျ၊ လမ်းကြမ်းလို့လား”

“ဘယ်ဟုတ်ရမလဲဗျ၊ တွန်းကန်မှု၊ ဆွဲငင်မှု ပြောင်းလဲသွားလို့ပေါ့ဗျ”

“ဘာလဲ တွန်းကန်မှု၊ ဆွဲငင်မှုဆိုတာက...”

“အို... ခင်ဗျား အခုန သူပြောနေတာတွေ ဘာတစ်ခုမှ နားမလည်ဘူးပေါ့”

“သူ့အသံက ကျွန်တော့် ချော့သိပ်သလိုဖြစ်ပြီး အိပ်ပျော်သွားတယ်ဗျ”

“ဟင်... တယ်တော်တဲ့လူ၊ ဒါဖြင့် ခင်ဗျာ့ နောက်မှပဲ အေးအေးဆေးဆေး ပြောပြတော့မယ်၊ အခု ပြောပြလို့လည်း ခင်ဗျား အိပ်ချင်မူးတူး ပြေသေးတာမဟုတ်လို့ နားလည်မှာ မဟုတ်ဘူး”

(မှတ်ချက်။ ။ဤဝတ္ထုရေးသည်မှာ ၁၉၅၁ ခုနှစ် ရုရှားရော၊ အမေရိကန်ရော လသို့သွားရန် ကြိုးစားနေကြတုန်း စိတ်ကူးကာလမျှရှိပါ

mgyoe.com

mgyoe.com


သေးသည်။)

* * *

အမှန်စင်စစ်ဆိုရလျှင် စာရေးဆရာအသင်း စည်းမျဉ်းတွင် အသင်းသား တစ်ယောက် သေခဲ့သော် အသပြာ ငွေငါးဆယ် ထောက်ပံ့ရမည်ရှိပါ၏။ ယခု ကျွန်တော်တို့မှာမူကား ဤအကျိုးအာနိသင်ကြီးကို မခံစားရပါဘဲလျက် မာလက ရှောင်းရပါတော့မည်။

"သေမှာက သေချာသလောက် ရှိနေပြီပဲ၊ မသေမီ ဒီငွေ ၅၀ ကျပ်စီတော့ ထုတ်သုံးသွားပါရစေ"ဟု ကျွန်တော်က အဆိုသွင်းပါသေးသည်။

သို့ရာတွင် အသင်းဥပဒေမှာ မသေမီက ကြိုတင်ထုတ်ယူခွင့် မရှိသော ကြောင့် မပေးနိုင်ဟု ကန့်ကွက်ကြပါသည်။

"သေတာကို သေချာမှ သက်ဆိုင်သူကို ထုတ်ပေးမည်"ဟု ပြောကြပါသည်။

ဟင်း... ဒီလိုဆိုတော့ကော ဘာလုပ်ဖို့လဲ၊ ကိုယ်သေလို့မှ ကိုယ်က မသုံး ရတော့ပဲ...

မသာပို့သူတွေကား ဘုန်းကြီးပျံကဲ့သို့ စည်ကားလှပါသည်။ ကျွန်တော်တို့ စီးရမည့် ဒုံးပျံကြီးမှာ ဗန္ဓုလပန်းခြံတွင် လွတ်လပ်ရေးကျောက်တိုင်ကြီးနှင့် ဆူးလေ စေတီတော် အကြားဝယ် မားမားကြီးရပ်နေပါ၍ ထွက်တော့မည့်နေ့မှာ ပန်းခြံမဆံ့ အောင်ပင် လူတွေ ကြိတ်ကြိတ်ခဲနေပါသည်။ ကျွန်တော်တို့ကို လာရောက် ဩဘာ ပြုသည်တော့ မဟုတ်ပါ။ ဒုံးပျံထွက်ပုံကို လာရောက်ကြည့်ရှုကြခြင်းမျှ ဖြစ်ပါသည်။

ကျွန်တော်တို့ကို လာရောက်ဓာတ်ပုံရိုက်သူများလည်း New Pix မှ အောင်ဗလတို့၊ တက္ကသိုလ်ထင်ကြီးတို့နှင့် New Times of Burma မှ သတင်း ထောက်ဝင်းမြင့်တို့လူစု စေတနာရှိ၍တော့ မဟုတ်ပါ။ ကျွန်တော်တို့ဓာတ်ပုံတွေကို အကြောင်းဆိုးသူများအဖြစ်နှင့် သတင်းစာတိုက်တွေကို ရောင်းစားဖို့ ဖြစ်ပါသည်။

ဤအခါတွင် ငိုစားရယ်စားဖြစ်ကြကုန်သော သတင်းစာဆရာတို့သည် စာသုံးလုံး တိုးရနည်းလားဟူသော သဘောနှင့် ကျွန်တော်တို့အား 'အာဇာနည်' ဘွဲ့များ ပေးကြလေဦးမည်။

ပေးကြပါ... ပေးကြပါ၊ စာလုံးကြီးကြီးနဲ့သာ ပေးကြစမ်းပါ၊ ခင်ဗျားတို့ အဖို့လည်း ကော်လံပြည့်အောင်၊ ကျွန်တော်တို့အဖို့လည်း သြော်... တစ်နည်းအားဖြင့်

mgyoe.com

mgyoe.com


ကျွန်တော် စဉ်းစားမိသဗျို့၊ ယခု မြန်မာပြည်မှာ အာဇာနည်ဘွဲ့ ရသွားကြတဲ့ လူတွေဟာ သေပြီးမှ ရကြတာ၊ အခု ကျွန်တော်တို့မှာတော့ မသေမီကပဲ ကိုယ့်ကိုယ်ကိုယ် သိသွားကြတာဗျ၊ ဘယ်လောက်ဟန်ကျသလဲ၊ ငွေဥဒေါင်း ကျေးဇူးပါပဲ၊ ငွေဥဒေါင်း ကြီး သိန်းထိပေါက်ပြီး နောက်တစ်နေ့ သေပါစေဗျာ။

ကဲ... ဒုံးပျံပေါ်တက်ဖို့ အချိန်နီးလာပြီ။

ဒုံးပျံဆိုသည်မှာ အမြောက်ဆန် အကြီးစားပင် ဖြစ်ပါသည်။ အဖျားချွန်၍ အရင်းကြီးကာ လေယာဉ်ပျံအမြီးဖျားက ပဲ့နှင့်တူသော ရွက်ပြားကြီးသုံးခု၏ အချွန်းစွန်းသုံးခုသည် မြေတွင် ဖိုခုံလောက်ဆိုင်၍ ဒုံးပျံဦးစွန်းမှာ မိုးသို့ထိုးနေသည်။

ယခု ကျွန်တော်တို့စီးရမည့် ဒုံးပျံကြီးမှာ ဆူးလေဘုရားနှင့် နင်လား ငါလား (အယ်... ဟုတ်ပါဘူး၊ ကန်တော့ဘုရား ကန်တော့) အရှင်ဘုရားလား တပည့်တော်လား ဖြစ်နေပါသည်။ လူလိုက်ရမည့်နေရာမှာ အဖျားပိုင်းတွင်ရှိ၍ ကျွန်တော်တို့သည် ဒုံးပျံပတ်ဝန်းကျင်၌ ဆောက်လုပ်ထားသောငြမ်းမှ ဓာတ်လှေကားနှင့် တက်သွားပြီး ဒုံးပျံထဲကို ဝင်ရပါမည်။

"ကဲ... တက်ဖို့ အချိန်တန်ပါပြီ"

ဗန္ဓုလပန်းခြံနှင့် မလှမ်းမကမ်းရှိ မြို့တော်ခန်းမကြီးတွင် တပ်ဆင်ထားသော ဝိုင်ယာလက်စက်ခန်းမှ ဟိုနေ့က ကျွန်တော်တို့ကို လက်ချာပေးသော အမေရိကန် လောကဓာတ်ဆရာကြီး အမှူးပြုသည့် စက်ဆရာလူစုက အသံချဲ့စက်နှင့် ပြောလိုက်ပါသည်။

သို့ကလို ပြောလိုက်သံ ကြားရလျှင်ပင် ကျွန်တော်တို့အကြောင်း အတင်းအဖျင်း ပြောနေကြသော လူထုသည် ဆီချက်ဒယ်ပိုင်းရေနှင့် ဖျန်းလိုက်သလို ရှန်းခနဲ အသံတွေ တိတ်သွားပြီး ကျွန်တော်တို့လေးယောက်ဆီသို့ မျက်နှာမူကြကုန်လေသည်။

ဤအချိန်၌ ကျွန်တော်တို့မှာ ဘောင်းဘီရှည်နှင့် ကိုယ်ကျပ်အင်္ကျီတွေ ဝတ်ထားရ၍ အမြီးဖြတ်ထားသော မျောက်များနှင့်ပင် တူကြပေမည်။ အစ်မကြီး ဂျာနေဂျီမှာ အရပ်ရှည်သလောက် လူပိန်၍ ဆံပင်ဝိုင်ယာထုံးကို ခေါင်းပေါ် စံပယ်ဖူးတင်၍ အမောက်မရှိ ဘာမရှိနှင့် ကိုယ်ကျပ်ဘောင်းဘီနှင့်ဆိုတော့ ရှည်တောက်တောက် ငေါက်စင်းစင်း သူ့မိတ်ဆွေ ပင်လုံဒေါ်နယဉ်တို့လူစု ဝိုင်းဝန်းနှုတ်ဆက်နေကြသည်။ နံ့သာမေကလည်း လျှာရှည်နေလေသည်။

မင်းရှင်မှာလည်း သူ့ညီမလေးနှင့် သူ့မိခင်က မျက်ရည်ခံထိုးလို့၊ ဒဂုန်

mgyoe.com

mgyoe.com


တာရာမှာတော့ သူ့အစ်မနှင့် သူ့အဒေါ်များက...

"နင် ငါတို့အကြောင်း မမမိလို့ ဝတ္ထုရေးဦးဟဲ့၊ အခုတော့ ကောင်းတယ်" ဟု ကရုဏာဒေါသောနှင့်။

ကျွန်တော့်မှာတော့ ဇန်းမော်တင်အောင်ဓာတ်လိုက် ဘုန်းမောင်တစ်ယောက် တည်းရယ်ပဲ၊ မေကလည်း မလာနိုင်ပဲကိုဗျ၊ ရွှေမဝလူစုကသာ ကျွန်တော့်ကို ဝိုင်းဝန်း နောက်ပြောင်နေသည်။

"ကဲ... တက်ကြတော့"

အမိန့်သံလာပြီ၊ သို့မှ ကျွန်တော်တို့ရင်ထဲ ပိုမိုတုန်လှုပ်သွားသည်။ ဘယ် မသေမီ ခေါင်းထဲဝင်ရမှာလို ဒုံးပျံကြီးထဲဝင်ရမည့် ကိစ္စ။

ယင်းသည့်အခိုက်ဝယ် ကျွန်တော်တို့ လေးယောက်တွင် ဘယ်သူအရင် သွားဝံ့မှာလဲဟု လူထုက ကြည့်ရှုနေဟန်တူသည်။ ကျွန်တော်တို့အချင်းချင်းလည်း သူအရင်သွား၊ ငါအရင်သွားနှင့် တစ်ယောက်အကဲ တစ်ယောက်ခတ်နေကြပါသည်။ အချိန်ကို ဆွဲနေကြပါသည်။ ကိုယ့်ဆွေမျိုး မိတ်ဆွေတွေနှင့် တတ်နိုင်သမျှ အချိန် ရှည်ရှည်ကလေး နေချင်ကြသည်။

ထိုအခိုက်တွင် ကျွန်တော်သည် လူထုထဲ၌ မိမိဆီသို့လာနေသော အရက် ဆိုင်က ကြွေးရှင်တရုတ်၏ မျက်နှာကို မြင်လိုက်ရသည်နှင့်...

"ဟင်... လစ်မှပါပဲ" ဟု ဓာတ်လှေကားသို့ အပြေးတက်လိုက်သည်။

ယင်းသည်နှင့် တစ်ပြိုင်နက်ပါပဲ ခင်ဗျာ...

"ဒါ သော်တာဆွေကွ... သော်တာဆွေ၊ ပေါင်းတည်သား ဗီသပါပေတယ်။ သူ ရှေ့ဆုံးက ခေါင်းဆောင်သွားဝံ့ပါပေတယ်၊ အာဇာနည် ဗီသပါပေတယ်"

ချောက်ပေါက်ကို မြှောက်ပေးချင်ကြသော လူတို့ထုံးစံအတိုင်း သေမည့်သူ စိတ်မကောင်းအောင် ဆူညံအော်ဟစ်ကြကုန်သည်။ ချီးကျူးဟန်ဆောင်ကြကုန်သည်။ စင်စစ် ကျွန်တော်ကား ကြွေးရှင်တရုတ်နှင့် တွေ့ရမှာ မျက်နှာပူလို့...။

အမှန်စင်စစ်မှာ ထိုတရုတ်သည် ဗမာစာမတတ်၊ သတင်းစာတွေ ဘာတွေ မဖတ်နိုင်ဘဲနှင့် ကျွန်တော့်အကြောင်း သိသွားရအောင် ဘယ်သူတွန်းလိုက်ပါလိမ့်။ ကေတ္တ အကြွေးသောက်ဖော်သောက်ဖက်ဖြစ်သော မင်းရှင်နောင်၏ညဏ် ဖြစ်ရမည်။

"ဟော့... ပေါက်ဖော်၊ ဟိုကောင် သေရွာ မြန်းတော့မယ်၊ သွားကြွေးတောင်း ချေကွ"

mgyoe.com

mgyoe.com


သူ ဤသို့ပြောကြားလွှတ်လိုက်ပေလိမ့်မည်။

သို့သော် ကျွန်တော့်မှာ ပစ်တိုင်းထောင် အချောင်ပွတတ်သူ ဖြစ်ပေရကား ယခုကြည့်လေ ကြွေးရှင်တရုတ်နှင့် တွေ့ရမှာစိုး၍ ပြေးသည်ကိုပင် ရှေ့သွားခေါင်းဆောင် သော်တာဆွေတဲ့၊ အာဇာနည်ပီသပါပေတယ်တဲ့၊ အံမယ်လေးဟဲ့ ဩော်... လောက... လောက။

ဤသို့တိုင် တရုတ်သည် ကျွန်တော့်ဆီသို့ သုတ်ခြေတင်လာနေသဖြင့် ဓာတ်လှေကား မာစတာအား...

"ကျုပ်တစ်ယောက်တည်း အရင်ပို့စမ်းဗျာ" ဟု ပြောလိုက်ရသောကြောင့် ဓာတ်လှေကား မြင့်တက်သွားသည်တွင်...

"ဒါ သော်တာဆွေကွ၊ သူတစ်ယောက်တည်းတောင် အရင်သွားနှင့်ပြီကွ" နှင့် တစ်ခဲနက် အော်ကြပြန်ကုန်သည်။

ခက်ရချည့် အရပ်ကတို့။ ကျွန်တော်မှုကား အောက်သို့ပင် မကြည့်ရဲ မျက်စိကို မှိတ်ထားလိုက်ရပါသည်။

သို့ရာတွင် တော်တော်အမြင့်ရောက်ကာမှ ဓာတ်လှေကားသည် ရုတ်တရက် အောက်သို့ ပြန်ဆင်းပါချေသည်။

ဘာလို့များလဲ၊ တရုတ်ကများ သွားပြောလို့လား။

မဟုတ်ပါ။

အောက်သို့အရောက်တွင် အနီးရှိ အရာရှိတစ်ယောက်က...

"ခင်ဗျားကို ခင်ဗျားမိတ်ဆွေများက ပန်းကုံးစွပ်ချင်လို့တဲ့"

"တယ်ရှုပ်တဲ့လူတွေ၊ ဘယ်သူတွေများပါလိမ့်"

ဟော... လာကြပါပြီ ခင်မောင်ရီ၊ ခင်မောင်ကြည်၊ အောင်ဗလ၊ သာကဒိုး၊ သန်းဆွေ၊ မင်းအောင်၊ လင်းယုန်နီ၊ ပန်းချီအောင်စိုးတို့လူစု။

ကျွန်တော်မှာ သူတို့နှင့်အဆုံတွင် မျက်လုံးပြူး၍ လက်တားလိုက်ရကာ...

"ဟော့... ဟော့ မင်းတို့ဟာက ဝန်ကြီးတွေဘာတွေ စွပ်တဲ့ ပန်းကုံးမှ မဟုတ်တာပဲကွ၊ မသာ ပန်းခွေကြီးပဲကွ"

"အေးလေ... တို့ ဒါတောင် ဒီနေ့ချမယ်မသာ မချသေးခင် ခဏငှားလာခဲ့ရတာ။ လာပါကွာ ငြင်းမနေပါနဲ့၊ မင်းနဲ့ပဲ တန်ပါတယ်၊ နောက်ပြီး ပြန်ပေးခဲ့ဦးကွ"

ပြောပြောဆိုဆိုနှင့် ကျွန်တော့်ကို အတင်းစွပ်ကြပါသည်။

mgyoe.com

mgyoe.com


ယင်းသည့်အခိုက်တွင် အားလုံးတက်ကြရန် နောက်ဆုံး အမိန့်လာသည်နှင့် ကျွန်တော်တို့လေးယောက်စလုံး ဓာတ်လှေကားပေါ်ရောက်ကြ၍ ဓာတ်လှေကားကြီးမြင့်တက်အသွားတွင် အောက်မှ သာဂဒိုးတို့လူစုက...

"ဟေ့... သော်တာဆွေ၊ ပန်းခွေ ပြန်ချခဲ့ပါကွ"

"ဟို မသာက တော်ကြာချတော့မှာကွ"

ကျွန်တော့်မှာ ဒီလောက်ဖြစ်တဲ့ကောင်တွေ မပေးဘူးဟု ဖွတ်ကိုင်နေပါသည်။ သို့ရာတွင် ဂျာနေဂျီအစ်မကြီးက...

"ချပစ်ခဲ့စမ်းပါရှင်၊ ပန်းခွေကြီး နိမိတ်မရှိ နမာမရှိနှင့်"

ဟုဆိုပြီး အတင်းချွတ်ချလိုက်သောကြောင့် သူတို့ပြန်ရသွားပါသည်။

မအေပေးမျိုးကောင်းတွေ၊ နို့မဟုတ်ရင် သူတို့ပန်းခွေဖိုး ၁၄–၅ ကျပ်တော့ စိုက်လျော်လိုက်ကြရမှာ။

ကျွန်တော်တို့သည် ဓာတ်လှေကားမှ ဒုံးပျံထိပ်ဖူး တံခါးပေါက်ကို ဝင်ကြသည်။ အထဲ၌ နေရာထိုင်ခင်းပြင်သည်။ မီးရထား ဒုတိယတန်းလို နှစ်ဆင့်တပ်ထားသော အိပ်ရာလေးခု ပါ၏။ ကျွန်တော်တို့သည် ဤအိပ်ရာများပေါ်၌ ပက်လက်အိပ်ကာ ကိုယ်တွေကို ခြေထောက်ရော ရင်ဘတ်ပါ ခါးပတ်ကြိုးချည်၍ လိုက်ပါသွားရမည်။ အပေါ်ရောက်လျှင် ကမ္ဘာနှင့်စကားပြောနိုင်သော ဝါယာလက်ကိရိယာနှင့် အထက်အောက်နှင့် နံဘေးပတ်လည် ကြည့်ချင်ရာကြည့်နိုင်သော 'တယ်လီဗီရှင်း' တပ်ဆင်ထားသည့် ရေဒီယိုများပါ၏။

အစ်မကြီး ဂျာနေဂျီသည် အိပ်ရာပေါ်၌ သူ့ကိုယ်သူ ကြိုးမချည်မီ ဆူးလေစေတီတော်ကြီးကို အာရုံပြုသည်။ ကျွန်တော်လည်း ထီးတော်ကိုကြည့်နေရာမှ စိတ်ကူးတစ်ခုရသည်နှင့်...

"အစ်မကြီး၊ ကျွန်တော်တို့ ဒုံးပျံကြီးက စေတီနဲ့ကပ်နေရင် ကောင်းမှာနော်"

အစ်မကြီးသည် တရားတော်ကို ကြည်နူးနေရာမှ...

"ဘာလို့လဲ မောင်လေးဆွေရယ် ဘုရားပဲ နီးနီးဝေးဝေး ကိုယ့်စိတ်က အာရုံပြုတာသာ ပဓာနပါ"

"ဒါကိုပြောတာ မဟုတ်ပါဘူးဗျ၊ အခုနယ် ကပ်နေမယ်ဆိုရင် စိန်ဖူးဖြုတ်သွားရကောင်းမှာလို့ အကြံရတာဗျ"

ယင်းသည်တွင် ဂျာနေဂျီသည် ကျွန်တော့်အား ရုတ်တရက် မျက်စောင်း

mgyoe.com

ကြီးခဲပြီး...

'ဘယ်လိုဟာမျိုးနဲ့များ လာတွေ့ရပါလိမ့်။ လူများ ခုသေရတော့မလား၊ တော်ကြာပဲထား၊ အောက်မေ့နေရတဲ့အထဲ သူပဲ စိန်ဖူးဖြုတ်သွားချင်ရသေးတယ်၊ ဒါမျိုးနဲ့များ ဘယ်ဘဝမှ မတွေ့ဆုံပါရစေနဲ့ရှင်'ဟု နောက်ဆုံး ဆုတောင်းပြီး ဆောင့်ကြီးအောင့်ကြီးနှင့် အိပ်ရာပေါ်တွင် လှဲလိုက်ကာ သူ့ကိုယ်သူ ကြုံးချည်ပါတော့သည်။

ယင်းအခိုက်ဝယ် ကျွန်တော်တို့ ဒုံးပျံကို စီမံနေသော တောင်းဟောလ်စက်ခန်းထဲမှ...

"အားလုံး အသင့်ဖြစ်ပလား"

"အားလုံး အသင့်ဖြစ်ပါပြီ"

ကျွန်တော်က အော်လိုက်လေရာ မကြာမီတွင် အောက်မှ ဝုန်းခနဲ တွန်းကန်ပေါက်ထွက်သံကြီးနှင့်အတူ ကျွန်တော်တို့ ဒုံးပျံကြီးသည် မြေပြင်မှဝေဟင်သို့ တစ်ဟုန်ထိုး ထိုးတက်သွားလေ၏။

ကျွန်တော်တို့မှာ ကိုယ့်ရင်ဘတ်ကလေးတွေကို ကိုင်ကာ မျက်လုံးကလေးတွေ ကြောင်တောင်နှင့်။

* * *

"ကိုယ့်လူတို့ ဘယ့်နှယ်နေကြလဲဟေ့"

တစ်အောင့်တစ်နားမျှ ကြာလတ်သော် ကျွန်တော်တို့ နေကြသော ဒုံးပျံအခန်းကျဉ်းကလေးထဲသို့ တောင်းဟောလ်စက်ခန်းမှ ဒုံးပျံကိုစီမံနေသော အမေရိကန်လောကဓာတ်ဆရာကြီး၏အသံ ပေါ်လာသဖြင့် ကျွန်တော်က ကမ္ဘာသို့ စကားပြောနိုင်သော ဓာတ်ခွက်ကို သူများထက်ဦးအောင် လှမ်းယူလိုက်ပြီး...

"အခုအထိတော့ အိုကေပဲဗျို့၊ ဘယ်နေရာကျမှ သေရွာကြွမလဲတော့ မသိဘူး"ဟု လွှတ်ခနဲပြောလိုက်ရာ ဒဂုန်တာရာ ဥက္ကဋ္ဌက...

"ဟေ့... သော်တာဆွေ၊ ကောင်းကောင်းပြောပါဗျ၊ လူကြီးကို ဒီလို မနောက်ပါနဲ့၊ ပေးဗျာ ခင်ဗျားမပြောနဲ့၊ ပြောစရာရှိ ကျွန်တော်ပြောမယ်"ဟု ဆိုပြီး ကျွန်တော့်လက်ထဲမှ ဓာတ်ခွက်ကို အပေါ်မှ လှမ်းယူလိုက်ပါသည်။

သူ၏ အိပ်ရာသည် ကျွန်တော့်အထက်မှဖြစ်၍ မင်းရှင်က အစ်မကြီးဂျာနေဂျိုအောက်တွင် ဖြစ်ပါသည်။

mgyoe.com

 mgyoe.com


ယခုအချိန်တွင် ဒုံးပျံသည် တစ်စက္ကန့်လျှင် ၇ မိုင်နှုန်းကျ ကမ္ဘာနှင့်ဝေးကွာလာသဖြင့် တစ်စတစ်စ လေပါးလာကာ နားရွက်ထဲက လေတဖောက်ဖောက်ထွက်နေရာမှသည် ကိုယ်မှာ တဖြည်းဖြည်းပေါ့ပါးလာလျက် နောက်ဆုံး၌ ကျွန်တော့်မျက်နှာထဲကို အကောင်တစ်ကောင် ဝင်ပြေးနေသကဲ့သို့ ပါးပြင်နှင့် နှုတ်ခမ်းမှာ ပိန်လိုက်ဖောင်းလိုက် ဖြစ်လာရကား ကျွန်တော်ထိတ်လန့်ပြီး...

"အံမယ်လေး... ကျွန်တော် ဘယ်လိုဖြစ်မှန်း မသိဘူးဗျ" ဟု အော်လိုက်ရင်း မင်းရှင်ကိုလှမ်းကြည့်လိုက်ရာ သူ့မျက်နှာလည်း ရှုံ့လိုက် စောင်းလိုက်ဖြစ်နေသည်ကို မြင်လိုက်ရမှ ကျွန်တော် အကြောက်ပြေသွားပါတော့သည်။

"ကိုမင်းရှင်... ခင်ဗျားလည်း ကျွန်တော့်လိုပဲဗျ၊ ဟာ... အစ်မကြီး ဂျာနေဂျို လည်း အတူတူပဲဗျို့၊ သူ့မျက်နှာ ပိုဆိုးသေး၊ အသက်ကြီးလို့ ထင်ပါရဲ့ဗျ၊ ဟော... ဟော ဆေးဆိုးထားတဲ့ နှုတ်ခမ်းနီကြီးက အံမယ်လေး... အံမယ်လေး မြွှေကြီးလိုပဲ၊ ဟင်းချိုချက်စားတဲ့ ပြည်ကြီးမြွှေဗျ"

ကျွန်တော်ပြောမိရာ လျှောက်အော်နေမိရာက ဥက္ကဋ္ဌဆိုသောလူကြီး ဒဂုန်တာရာက...

"ဟေ့... ကိုသော်တာဆွေ တွေ့ကရာတွေ လျှောက်ဆူမနေစမ်းနဲ့"

"အဲဒါ ဘာဖြစ်တာလဲ ကိုငွေးမြိုင်"

"ကမ္ဘာက မိုင်နှစ်ထောင်ကွာတော့ လေမရှိတော့လို့ဖြစ်တာ"

"လေမရှိတော့ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ"

"ဟာ... တော်ဗျာ၊ ဟိုနေ့က လောကဓာတ်ဆရာကြီးပြောနေတုန်းကဖြင့် အရက်မူးပြီး အိပ်ပျော်နေတယ်"

ဥက္ကဋ္ဌကမာန်သဖြင့် ကျွန်တော် ထိတ်လန့်သွားသောကြောင့် အကြောက်ပြေစေရန် ဘရန်ဒီတစ်ခွက်တော့ နှပ်လိုက်မှပဲဟု စိတ်ကူးရ၍ အိပ်ရာကထဖို့ ကိုယ်က ခါးပိတ်တွေ ဖြေလိုက်ရာ အလိုလေးလေး။

ကျွန်တော့်ကိုယ်မှာ ကျွန်တော်ရေးခဲ့သော ဘိုးဘိုးပြောင်လို အလိုလိုမြောက်တက်သွားပါသည်။ ဘာလုပ်ရမှန်းမသိ၊ ဘာကိုင်ရမှန်းမသိ မှောက်ခုံကြီး။

"ဟေ့လူတွေ လုပ်ကြပါဦးဗျ၊ ကျွန်တော် ဘာဖြစ်နေပြီလဲ၊ ဘိုးဘိုးပြောင် ဝတ္ထု ရေးမိလို့ ကိုယ်ရေးတဲ့အတိုင်း ဖြစ်ရတာထင်ပါရဲ့"

သို့ပြောရင်း တဖြည်းဖြည်း ရွေ့လျားသွားရာမှ အပေါ်ထပ်၌နေသော

mgyoe.com

အစ်မကြီး ဂျာနေဂျီအနီး ရောက်ရောက်သွားရာ ဆီးတွန်းပြီး...

"သွား... ရှင် ကျွန်မအနားမလာနဲ့"

"ကျွန်တော်လာတာ မဟုတ်ဘူးဗျ၊ သူ့ဟာသူလာတာဗျ"

ကိုဌေးမြိုင်သည် ရယ်မောသံနှင့်...

"ကိုမင်းရှင် လှမ်းဆွဲလိုက်စမ်းဗျာ"

သို့မှ ကိုမင်းရှင်က ကျွန်တော့်ခြေထောက် လှမ်းဆွဲလိုက်၍ ကျွန်တော် သူ့အပေါ်ရောက်သွားပါသည်။

"ကျွန်တော် ဘာဖြစ်တာလဲဗျ ကိုမင်းရှင်"

"ခင်ဗျားတင်မဟုတ်ဘူး၊ ကိုယ့်ကို အိပ်ရာနဲ့ချည်ထားတဲ့ကြိုးတွေ ဖြေလိုက်ရင် အားလုံး ဒီလိုဖြစ်ကြမှာပဲ၊ အခု ကျွန်တော်တို့ လေမရှိတဲ့ အာကာသလောကထဲကို ရောက်နေပြီဗျ၊ အတွယ်အတာမရှိရင် ဒီလိုပဲ လွင့်နေမှာပဲ၊ လတို့၊ ကြယ်တို့၊ နက္ခတ်တို့ဟာ ဒီလိုနေကြတာပေါ့ဗျ"

"ဟင်... ဒီလိုဆို ချောက်ပေါ့၊ ကိုယ်သွားချင်တဲ့နေရာမှ သွားလို့မရတော့ဘူး၊ အခု ကျွန်တော် အရက်သောက်ချင်လို့ဗျ၊ အရက်ထားတဲ့နေရာကို ဘယ့်နှယ်လုပ်သွားပါ့မလဲ"

ဤတွင် ဂျောက်ဂျက်အသံကို ကြားရ၍ ကြည့်လိုက်ရာ ဒဂုန်တာရာသည် ဘွတ်ဖိနပ်ကြီးသုံးရန်ကိုကိုင်၍ သူ့အိပ်စင်လှေကားမှ နှေးကွေးစွာ ဆင်းလာသည်ကို မြင်ရပါသည်။

"ဟင်... သူကတော့ ခြေနင်းလို့ရပါလား၊ ဒါပေမဲ့ သူ့ခြေထောက်က လှေကားထစ်က ဆွဲဆွဲနုတ်နေရပါလား"

"သံလိုက်ဓာတ်ပါတဲ့ သံခုံဖိနပ်စီးထားတာကိုးဗျ"

မကြာမီ ကိုဌေးမြိုင် ကျွန်တော်တို့ဆီသို့ရောက်လာကာ ဖိနပ် တစ်ယောက်တစ်ရန်စီပေးပါသည်။ ဤဖိနပ်တွေကိုယ်စီ စီးလိုက်မှ ကျွန်တော်တို့မှာ မတ်တတ်ရပ်၍လည်းကောင်း၊ ခြေလှမ်း၍လည်းကောင်း ရပါသည်။ သို့သော် မမြန်ပါ၊ တစ်လှမ်းပြီးတစ်လှမ်း သံလိုက်ဓာတ်ကို ဆွဲဆွဲနုတ်နေရ၍ နှေးပါသည်။

"အခုမှ ဟန်ကျသဗျို့"

ကျွန်တော်တို့မှာ အားလုံး သံဖြင့်သာပြုလုပ်ထားသော သံလှေကား၊ သံအခင်းပေါ်တွင် သံလိုက်ဓာတ်ဖိနပ်နှင့် သွားချင်ရာသွားနိုင်၍ လိုချင်ရာယူနိုင်ပါပြီ။ လူချင်း

mgyoe.com

mgyoe.com


လည်း တစ်ယောက်ယောက် အိပ်ရာပေါ် စုထိုင်နိုင်ကြသည်။ အမှန်မှာကား ယခု ကျွန်တော်တို့တွင် အထက်အောက်မရှိတော့ချေ။ ခေါက်ထိုးလည်း နေနိုင်သည်။ တစောင်းတန်းတန်းကြီးလည်း ခြေလှမ်းသွားနိုင်သည်။ စင်စစ်သော် တစ်ယောက် တစ်ယောက် မြင်ရသည်သာ ခေါက်ထိုးတို့ တစောင်းတို့ဖြစ်၍ မိမိကိုယ်မိမိမူ တည့် တည့်ပင် ထင်ရလေသည်။

(မိတ်ဆွေ နားထွေးနေပြီလား၊ အနောက်နိုင်ငံက လောကဓာတ်ပါရဂူကြီး တွေ ယူဆချက်ကို အနီးကပ်ဆုံးစိတ်ကူးနဲ့ ရိုက်ထားတဲ့ Destination Moon. ရုပ်ရှင်ကိုကြည့်ပြီး ရေးတာဗျို့၊ ဤမှ ရှေ့သို့လည်း ၎င်းရုပ်ရှင်၏ မြင်ရသည့်အတိုင်း အခြေခံထားသွားပါမည်။ ကျွန်တော့် အရမ်းစိတ်ကူးတွေလို့ မထင်ကြပါနှင့်။)

ယခု ကျွန်တော်တို့ ရန်ကုန်မှ (အံမယ်... ကမ္ဘာကဗျ) ထွက်ခဲ့သည်မှာ ၂နာရီခန့်ရှိပြီဖြစ်၍ တစ်စက္ကန့်ကို ၇ မိုင်သွားသော ဒုံးပျံ၏နှုန်းဖြင့် ထွက်ခဲ့သော် ကမ္ဘာမှ မိုင်ပေါင်း ငါးသောင်းကျော်ကွာခဲ့လေပြီ။ ကျွန်တော်တို့ တယ်လီဗီးရှင်းနှင့် ကြည့်ကြရာ ကမ္ဘာကို မည်းမည်းလုံးကြီးအဖြစ်သာ မြင်ကြရလေတော့သည်။ လက လည်း မည်းမည်းလုံးပင်။ သို့ရာတွင် ကျွန်တော်တို့ ကမ္ဘာကမြင်ရသည်ထက် သူ့ ပုံသဏ္ဌာန်သည် တစ်စတစ်စ ကြီး၍ ကြီး၍ လာလေသည်။ ကမ္ဘာမှာမူ တဖြည်းဖြည်း ငယ်၍ သွားလေသည်။

လနှင့်ကမ္ဘာသည် မိုင်ပေါင်း နှစ်သိန်းလေးသောင်းကွာသည်ဟု လောက ဓာတ်ဆရာတို့ဆိုသောကြောင့် ယခု ကျွန်တော်တို့ ဒုံးပျံကို တစ်စက္ကန့်လျှင် ၇ မိုင် နှုန်းနှင့်ထွက်ခဲ့သော် ၉ နာရီကျော် ၁၀ နာရီအတွင်း၌ လသို့ရောက်ရချေတော့မည်။

သို့ရာတွင် ၆ နာရီကျော်ခရီး၌...

"အခု မင်းတို့ဒုံးပျံဟာ ကမ္ဘာ့ဆွဲငင်ဓာတ်နဲ့ လရဲ့ဆွဲငင်အားချင်း ဓာတ် ညီမျှတဲ့နေရာ ရောက်နေပြီ၊ ဒီတော့ ဒုံးပျံစက်ကို ခဏရပ်ပြီး အပြင်ထွက်ကြည့်ကြပါ"

တောင်းဟောလ်စက်ခန်းမှ လောကဓာတ်ဆရာကြီး၏အမိန့် ရောက်လာ သဖြင့် ကျွန်တော်တို့အားလုံး မျက်လုံးပြူးကြသည်။ ကျွန်တော်က သူတို့မျက်နှာ တွေကိုကြည့်ပြီး...

"ဘယ့်နှယ်လဲ ကိုဋ္ဌေးမြိုင်"

ဥက္ကဋ္ဌကလေးကို မေးလိုက်သည်။

"ဟာ... ကြောက်စရာကြီး၊ မတော်မတည့် လိမ့်ပြုကျမှဖြင့်..."

mgyoe.com

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ၊ ကျွန်တော်ပဲ ရည်ရည်မွန်မွန် ပြန်ပြောလိုက်မဗျာ" ဟုဆိုပြီး ကမ္ဘာကို ပြန်စကားပြောနိုင်သော ခာတ်ခွက်ကို လှမ်းယူလိုက်ကာ...

"ဘာလို့ ထွက်ကြည့်ရမှာလဲဗျ ဦးလောကခာတ်ဆရာကြီးရဲ့"

"ဘာတွေမြင်ရမလဲ၊ ဘယ်လိုနေမလဲ၊ သိရအောင်ပေါ့"

"ဟာ... လိမ့်ကျတော့ ဘယ့်နှယ်လုပ်မလဲ"

"မကျပါဘူး၊ သံလိုက်ဖိနပ်က ဒုံးပျံကို ကပ်နေမှာပါ"

"အင်း... သေချာရဲ့နော်"

"စိတ်ချပါ"

ထို့နောက် ကျွန်တော်တို့သည် အပြင်ထွက်ရန် တစ်ကိုယ်လုံး လုံခြုံသည့် အဝတ်ကြီးတွေကို ဝတ်ကြသည်။ ပုလဲငုပ်သမား၏ အဝတ်မျိုးနှင့် တူသည်။ အတွင်း၌ အသက်ရှူရန် အောက်စီဂျင်ဘူးနှင့် အသံဖမ်းစကားပြောကိရိယာများ အစုံပါသည်။

ဒုံးပျံအပေါက်ကိုဖွင့်၍ ကျွန်တော်တို့ အပြင်ထွက်လိုက်ကြသောအခါ လေးယောက်သား အံ့သြရှင်မြိုး၍သွားကြသည်။ လဟာပြင်ဝယ် ကျွန်တော်တို့ဒုံးပျံကြီးတစ်ခုတည်း တန်းတန်းကြီးရပ်နေသည်။ အဝေးမှာကား ပြာမှိုင်းမှိုင်း နောက်ခံတွင် ကြယ်ရောင်တွေ တလက်လက်နေသည်ကို မြင်ရသည်။

"ဟော့... ညအချိန်များ ရောက်နေပြီလား"

"ဒီမှာ ညရယ် နေ့ရယ် ဘယ်ရှိမလဲ"

"ကဲ... အခု ကျွန်တော်တို့ကမ္ဘာ ဘယ်မလဲ"

"အဲဟိုက မည်းမည်းလုံးကြီးပေါ့"

"နို့... လကကော"

"အဲ... ဟိုဒင်းပေါ့"

"ဟင်... လနဲ့ကမ္ဘာ၊ ကမ္ဘာကကြီးတယ်ဆို၊ အခုတော့ အတူတူလိုပါလား"

"ကျွန်တော်တို့က အခု လနားနီးနေပြီကိုးဗျ"

ထို့နောက်၌ ကျွန်တော်တို့လေးယောက်သား လက်တွဲ၍ လမ်းလျှောက်ကြသည်။

"ဟင်... အံ့သြစရာ"

ကျွန်တော်တို့သည် ဒုံးပျံ၏ပတ်လည်ကို အထက်အောက်မရှိဘဲ ဂေါ်လီလုံးကို ပုရွက်ဆိတ်ပတ်၍ လျှောက်သကဲ့သို့ လျှောက်နိုင်လေသည်။ အမှန်မှာ ကျွန်တော်

mgyoe.com

mgyoe.com

တို့သည် သံလိုက်ဖိနပ်ကြောင့်သာ ဒုံးပျံမှာ ကပ်နေခြင်းဖြစ်သည်။ အကယ်၍ သံလိုက်ဓာတ်မရှိပါက ဘယ်လိုမှ တွယ်ကပ်မရဘဲ လဟာထဲမှာ လွင့်၍နေပေလိမ့်မည်။ ကြယ်နက္ခတ်တာရာတို့သည် ဤနည်းအတိုင်း နေကြခြင်းပင်။

"ဟေ့... ကိုဌေးမြိုင်၊ ခင်ဗျားနာမည်က တာရာဆိုတော့ ကြယ်၊ အခု တကယ့်ကြယ်ဖြစ်သွားအောင် ဒီမှာနေခဲ့ပါလားဗျ"

ကျွန်တော်ကနောက်လိုက်ရာ ဒဂုန်တာရာသည်။

"ခင်ဗျားလည်း သော်တာပဲ၊ လဖြစ်အောင် နေခဲ့ပါလား" ဟု ဆိုပြီး ကျွန်တော့်ကို လက်လွှတ်၍ တွန်းလိုက်သည်။ သို့သော် ကျွန်တော့်မှာ ယိုင်၍မျှ မသွားဘဲ မြေပြင်မှာကဲ့သို့ လူချင်းကွဲသွားရုံရှိသည်။ ထို့ကြောင့် ကျွန်တော် တစ်ယောက်တည်း စမ်းစမ်း စမ်းစမ်းနှင့် လျှောက်သွားသည်။ ဟိုကြည့်ဒီကြည့်နှင့် စိတ်နှလုံးရွှင်လန်းနေကာ ဒုံးပျံနောက်ပိုင်းသို့ရောက်သည်၌ ဆောင့်ကြောင့်ထိုင်ပြီး အပေါက်ကြီးကို ငုံ့ကြည့်လိုက်မိရာ...

အလိုလေး... ဘုရား... ဘုရား။

ခြေထောက်မှ သံလိုက်ဓာတ်အားလွတ်၍ လဟာထဲ ရောက်သွားပါတော့သည်။

ဒုံးပျံကို ပြန်တွယ်မိရန်လည်း ဘယ်လိုမှ လှုပ်ရှား၍မရွေ့။ သူရွေ့ချင်သလိုသာ ရွေ့နေသည်။ ဒုံးပျံနှင့် တရွေ့ရွေ့ဝေးနေသည်။ ထို့ကြောင့် ကျွန်တော် ထိတ်လန့်တကြားဖြစ်ကာ အကူအညီခေါ်လိုက်ရတော့သည်။

သို့သော် သူတို့ရောက်လာသောအခါ၌ကား ကျွန်တော့်ကိုယ်မှာ လက်လှမ်းမမီလောက်အောင် ဝေးနေကပြီ။ ကဲ... ခက်ကပြီ။

"အံမယ်လေး... လုပ်ကြပါဦးဗျ"

"ခင်ဗျာ့ဟာက ဘယ်လို ကမြင်းကြောထလိုက်တာလဲ"

"အဲဒါက နောက်မှပြောပါရစေ၊ အခု သိပ်မဝေးခင် မြန်မြန်ကြံကြစမ်းပါဦး"

"ကောင်းတယ်၊ ဘုရားစိန်ဖူးဖြုတ်လာချင်တဲ့လူ"

"အံမယ်လေး... အစ်မကြီးဂျာနေဂျီရဲ့၊ ဒီအပြစ်အနာ ဖော်မနေစမ်းပါနဲ့၊ ကျွန်တော့်ကယ်ပါဦးဗျ"

"ဘယ့်နှယ်လုပ်ကယ်မလဲ"

ပြောတုန်းဆိုတုန်းပင် ကျွန်တော်မှာ သူတို့နှင့် တဖြည်းဖြည်း ဝေးနေပြီ။

mgyoe.com

ဤတွင် ဒဂုန်တာရာသည် သတိရ၍ သူ့ခါး၌ တပ်ဆင်ထားသော ကြိုးခွေကိုဆန့်ကာ ကျွန်တော့်ဆီပစ်လိုက်သည်။

"ကဲ…အဲလိုလည်း လုပ်စမ်းပါဦး ဥက္ကဋ္ဌလေးရာ"

ကျွန်တော်က ဝမ်းသာအားရ ပြောလိုက်မိပါသည်။ သို့သော် သူ့ကြိုးများသည် ကျွန်တော့်ဆီမရောက်။ လက်လှမ်း၍မမီသောနေရာ၌ လဟာထဲတွင် တန်းလန်းကြီး ဖြစ်နေပါသည်။ သူပြန်ငင်ယူ၍ ဒုတိယ တစ်ဖန်ပစ်သည်။ ဤအခါ၌ကား ကျွန်တော့်ကိုယ်မှာ တရွေ့ရွေ့ဝေးနေသောကြောင့် ပထမအကြိမ်ထက် အလှမ်းကွာလေသည်။ ဤတွင် ကျွန်တော်စိတ်တိုကာ…

"တယ်… ခင်ဗျား ရှုနာရှိုက်ကုန်းအားကလေးနဲ့ မလုပ်စမ်းပါနဲ့၊ ကိုမင်းရှင် ပစ်စမ်းပါ"

ကိုမင်းရှင် ယူ၍ပစ်သည်။ သို့သော် မရောက်။ လက်နှစ်လုံးလောက် ကွာနေသည်။ ကျွန်တော်ကြိုးစားသည်။ သို့သော် လှုပ်ရှားလေဝေးလေ။

"ပထမ စစချင်း ကိုမင်းရှင်အားနဲ့ပစ်လိုက်ရရင် ရမှာဗျာ၊ အခုတော့ ဘယ့်နှယ်လုပ်ကြမလဲဗျ။ အစ်မကြီး ဂျာနေဂျီ လုပ်စမ်းပါဦး"

"အို… ယောက်ျားတွေအားနဲ့မှ မရတာ၊ ကျုပ်ဆို သာဝေးမှာပေါ့"

သူ့အသံမှာ ကျွန်တော့်ကို သောက်မြင်ကတ်ဟန်ပါပါသည်။ စိန်ဖူးဖြုတ်မယ်ပြောကတည်းက စိတ်ကောက်ပေသကိုး။

"အစ်မကြီးရာ ကျွန်တော် စိန်ဖူးဝစီကံ ပြစ်မှားမိတာ ကန်တော့ပါတယ်ဗျာ"

"ခုမှ ကန်တော့နေလို့ ကျုပ်တို့တော့ ဘာမှမတတ်နိုင်ဘူး၊ အဲ… ဟို လောကဓာတ်ဆရာကြီး ပြန်မေးရင်တော့ တစ်ခုခု အကြံပေးချင်ပေးလိမ့်မယ်"

"အံမယ်လေး… ဒါဖြင့် မြန်မြန် သွားမေးကြစမ်းပါဦးဗျာ"

သူတို့ ဒုံးပျံထဲပြန်ဝင်သွားကြသည်။

ကျွန်တော့်မှာကား တစ်စတစ်စ ဒုံးပျံနှင့်ဝေးနေလေပြီ။

ငနဲတွေ ဟိုက ဘာမျှမတတ်နိုင်ဘူးလို့ ပြောလို့ ဒုံးပျံကြီးစက်ဖွင့်ပြီး လစ်ပြေးမည်လား။ ကျွန်တော့်ရင်ထဲတွင် တဒိတ်ဒိတ်။

သို့သော် တော်ပါသေး၏။ ဘုရားသိကြားမလို့။ သူတို့သုံးယောက် ပြန်ထွက်လာကြသည်။ မင်းရှင်သည် ဓာတ်ဘူးကြီးတစ်ခုကို ရင်မှာပိုက်လာသည်။ ကျွန်တော်ရှိရာနှင့် အနီးဆုံးနေရာ ရောက်သောအခါတွင် သူ့ခါးကို ကြိုးချည်လျက်

mgyoe.com

mgyoe.com


ကြိုးတစ်ဖက်စကို ဒဂုန်တာရာနှင့် အစ်မကြီး ဂျာနေဂျိုက ကိုင်ထားကာ သူသည် ဒုံးပျံမှခြေလွတ်ပြီး ဓာတ်ဘူးကို တရှူးရှူးနှင့်ဖွင့်၍ ကျွန်တော့်ဆီသို့ ကျောခိုင်းကာ လာသည်။

စင်စစ်မှာ ကိုမင်းရှင်သည် ဓာတ်ဘူး၏ ဓာတ်ငွေ့ထုတ်သော တွန်းကန်မှု အားကြောင့် ကျွန်တော့်ဆီ တရွေ့ရွေ့ ရောက်လာခြင်းဖြစ်သည်။ လက်လှမ်းမီသည် တွင် ကျွန်တော်က ကိုမင်းရှင်ကိုကျောပိုး၍ ကျွန်တော်တို့နှစ်ယောက်ပူးကို ဒဂုန်တာရာ နှင့် အစ်မကြီးတို့က ကြိုးနှင့်ဆွဲယူကြသည်။

အံမယ်လေး... ကျွန်တော် ကံကြီးလို့ မကျန်ခဲ့တာဗျ။

ကျွန်တော်တို့ ခရီးဆက်ကြလေသည်။ နောက် ၄ နာရီအတွင်း၌ လပေါ်သို့ ဒုံးပျံဆိုက်ရောက်လေပြီ။

* * *

လသည် ကျွန်ုပ်တို့ ကမ္ဘာမြေကြီး၏ ၄၉ ပုံ ၁ ပုံမျှသာ ရှိသည်ဟု လောက ဓာတ်ဆရာတို့ ဆိုကြကုန်သည်။ သူ့ပတ်ဝန်းကျင်တွင် လေမရှိ၊ သဲမြေပြင်နှင့် ကျောက် ကုန်း ကျောက်ဆောင်တို့သာ ဖြစ်တည်နေ၍ နေကရသော အရောင်ပြန်ဖြင့် ကျွန်ုပ်သို့ ကမ္ဘာသို့ လအဖြစ်ထွန်းလင်းသည်။

ကျွန်တော်တို့သည် လပေါ်သို့ လျှောက်လည်ကြသည်။

လ၏ Gravity ဆွဲငင်ခြင်းသတ္တိသည် ကမ္ဘာ့ဆွဲငင်ခြင်းသတ္တိ၏ အပုံ နှစ်ထောင်ပုံ တစ်ပုံမျှရှိခြင်းကြောင့် ကျွန်တော်တို့ကိုယ်တွေမှာ ရော်ဘာလုံးကဲ့သို့ ပေါ့ပါးနေသည်။ ပြေးလိုက်ခုန်လိုက်လျှင် အလွန်လျင်မြန်လေသည်။ လူပျံကဲ့သို့ ပင် ဖြစ်နေသည်။

ကျွန်တော်သည် တစ်ခါတစ်ရံ အိပ်မက်ထဲ၌ ကြုံရသလို ကျောက်ဆောင် ကြီးများပေါ်ကို ဖြတ်ကျော်ခုန်ပျံကာ...

"အဆေး... ကျွန်တော်တို့ကမ္ဘာ ပြန်ရောက်တော့လည်း ဒီလို ခုန်နိုင်ပျံနိုင် မယ်ဆိုရင် ကောင်းမှာဗျနော်၊ လာဗျာ... ကျွန်တော်တို့ အခုန်ပြိုင်ကြရအောင်၊ အစ်မကြီး ခင်ဗျားလည်းခုန်ဗျ၊ မိန်းမဆိုတော့ သာတောင် ပေါ့နေဦးမယ်"

သို့သော် သူတို့မှာမူ ကျွန်တော်ကဲ့သို့ မြူးထူးပျော်ရွှင်မှု မပြကြကုန်လေဘဲ ဒဂုန်တာရာသည် လက်ဝဲမျက်စိဖြင့်လည်းကောင်း၊ (ညာဘက်မျက်စိမကောင်းလို့ဟာ

mgyoe.com

mgyoe.com


မဆိုလိုပါ) မင်းရှင်သည် အလွမ်းမျက်စိဖြင့် လည်းကောင်း၊ အစ်မကြီး ဂျာနေဂျို သည် (အဲ... သူ့တော့ ဘာမျက်စိပြောရပ့်၊ ဟင်... ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ) 'သူလိုလူ' ကို တွေး၍ ဆွေးသောမျက်စိဖြင့်လည်းကောင်း ဖိုးလသော်တာ မြေပြင် လွှာကို ကြည့်ရှုသုံးသပ်ကြပြီးနောက်...

"ကဲ... ပြန်ကြဖို့ အချိန်တော်ပြီ၊ ကြာနေရင် ပါလာတဲ့ အောက်စီဂျင် မလောက်လို့ ဒုက္ခရောက်နေကြဦးမယ်"

ထို့ကြောင့် ကျွန်တော်တို့ ဒုံးပျံထဲ ပြန်ဝင်ကြပြီး လကို နှုတ်ဆက်၍ စက် ခလုတ်ကို ဖွင့်လိုက်သည်။

ဒုံးပျံကြီး တဝုန်းဝုန်းမြည်လေပြီ။

သို့ရာတွင် ကျွန်တော်တို့ အထိတ်အလန့် ဖြစ်ကြရလေကုန်၏။ အကြောင်း သော်ကား ဒုံးပျံသည် စက်ခလုတ်ကို ဖွင့်ပါသော်လည်း အပေါ်သို့မတက်ဘဲ မြေပြင်မှ သိမ့်သိမ့်တုန်ရုံသာ ရှိနေသောကြောင့် ဖြစ်ပါ၏။

"ဟင်...ဒုံးပျံ ဘယ့်နှယ်ဖြစ်တာပဲ၊ ကိုယ်ကျိုးနည်းကြလိမ့်မယ် ထင်ပါရဲ့"

ကျွန်တော်မှာ ငိုသံပါလာပါသည်။ အစ်မကြီးလည်း ရွှေမျက်နှာ မကြည် မသာဖြစ်ကာ...

"မင်း မဟုတ်တယုတ်တွေ ပြောလို့ဖြစ်မှာပဲ"

"အစ်မကြီးကလည်းဗျာ၊ သူတော်ကောင်းကိုချည်း မကောင်းထင်နေတာပဲ၊ ကျွန်တော်တို့အထဲက ကွန်မြူနစ်ပါနေလို့ရင်လည်း ဖြစ်ရမယ်ဗျ၊ ကဲ...ရှုပ်တယ်ဗျာ ဦးရှင်ကြီးဝတ္ထုထဲကအတိုင်း မဲချကိုမင်းရှင်၊ ခင်ဗျား လပေါ်မှာ ပီယာနိုများ သွား တီးမိသလား"

"အို... တွေ့ကရာတွေ လျှောက်ပြောမနေစမ်းပါနဲ့ဗျာ၊ အရေးထဲ"

ဥက္ကဋ္ဌက ငေါက်သဖြင့် ကျွန်တော်ကလည်း ငိုမဲ့မဲ့ကလေးဖြစ်ကာ...

"ဒါ ကျွန်တော် အကောင်းပြောနေတာဗျ၊ ခင်ဗျားတို့က ကျွန်တော့်ကို မကောင်းချည်းထင်ကြတာပဲ၊ ကျွန်တော်လည်း ခင်ဗျားတို့လိုပဲ သေရမှာတော့ ကြောက်တာပေါ့ဗျ၊ ကဲ... အခု ဘယ့်နှယ်လုပ်ကြမတဲ့လဲ"

"ကမ္ဘာကို ပြန်မေးကြည့်ရသေးတာပေါ့ဗျ"

ဟုဆိုပြီး သူ့စကားပြော ဓာတ်ခွက်ကို လှမ်းယူ၍ အကျိုးအကြောင်းကို ပြောဆိုမေးမြန်းရာ တော်တော်ကြာမှ အောက်ကအဖြေလာ၏။

mgyoe.com

mgyoe.com


"အလေးချိန်ပိုနေတယ်၊ မလိုတဲ့ပစ္စည်းတွေ ချပစ်"

"ဟင်... အလာတုန်းကတော့ နိုင်ပြီး အခုမှ ဘာလို့ အလေးချိန်ပိုရတာလဲ"

"လရဲ့ဆွဲငင်ခြင်းသတ္တိက ကမ္ဘာ့အားလောက် မကောင်းလို့"

"ဩော်... ဩော် နားလည်ပြီ"

ဒဂုန်တာရာကဆိုသည်။ သို့ကမူ ကျွန်တော်က...

"ဟော့လူ ဘာနားလည်တာလဲဗျ၊ လက ဆွဲငင်ခြင်းသတ္တိနည်းတော့ ကျွန်တော်တို့ ဒုံးပျံကြီးက ပိုတောင်မြန်မြန်တက်ဖို့ ကောင်းသေးတယ်"

"တက်တယ်ဆိုတဲ့စကား မသုံးပါနဲ့ဗျ၊ အာကာသ လောကမှာ အထက်အောက်ရယ် မရှိဘူး။ ဆွဲငင်ခြင်း၊ ရုန်းကန်ခြင်းဆိုတဲ့ ဓာတ်အားကြောင့်သာ တည်နေခြင်း၊ ရွေ့ရှားခြင်း၊ လည်ပတ်ခြင်းတွေ ဖြစ်နေတာဗျ"

"အေးလေ... ခင်ဗျားပြောတာ ထားပါတော့၊ အခု ကျွန်တော်မေးတာက လက ဆွဲငင်ခြင်းသတ္တိနည်းတော့ရင် အားကြီးတဲ့ကမ္ဘာကတောင်ထွက်ခွာလာခဲ့တဲ့ ကျွန်တော်တို့ ဒုံးပျံဟာ အခု ပိုပြီးမြန်မြန်သွားဖို့ မကောင်းဖူးလား"

"ခင်ဗျားတွက်တာ မဟုတ်သေးဘူးဗျ၊ ဆွဲငင်ခြင်း၊ ရုန်းကန်ခြင်းဆိုတာဟာ တစ်ခုကိုတစ်ခု အကြောင်းပြုနေကြတယ်၊ ဆွဲငင်ခြင်းရှိမှ ရုန်းကန်ခြင်းရှိတယ်၊ ရုန်းကန်ခြင်းရှိမှ ဆွဲငင်ခြင်းရှိတယ်၊ ဆွဲငင်တဲ့အားကြီးမှ ရုန်းကန်တဲ့အားလည်း ပိုကြီးတယ်၊ ကျွန်တော် ဥပမာပြမယ်၊ ခင်ဗျာ့လက်ကို ကျွန်တော်ဆွဲထားမယ်၊ ခင်ဗျား လွတ်အောင် ရုန်းတဲ့အခါမှာ ကျွန်တော် ဆွဲအားကြီးရင် ကြီးသလောက် ခင်ဗျားရုန်းတဲ့ဘက်ကို အရှိန်ပြင်းသွားမယ် မဟုတ်လား၊ ဒုံးပျံကလည်း ဒီသဘောပဲဗျ။ သူ့စက်ခေါင်းထဲက ဓာတ်အားတွေထုတ်လုပ်ပြီးတော့ ကမ္ဘာ့ဆွဲငင်ခြင်းသတ္တိကို တွန်းပြီး ရုန်းကန်လာခဲ့တာ အခု ဒီလကိုတွန်းကန်ဖို့ကျတော့ လရဲ့ဆွဲငင်ခြင်း သတ္တိကနည်းနေတဲ့အတွက် ကမ္ဘာက လာခဲ့တဲ့ အလေးချိန်ကို လျှော့ပစ်ရမယ်ပြော တာဗျ၊ နားလည်ရဲ့လား"

"ဟင့်အင်း... မလည်ပေါင်"

ကျွန်တော်က ဝန်ခံလေရာ အစ်မကြီး ဂျာနေဂျိုသည် မျက်နှာကိုရှုံ့၍...

"အံမယ်လေးရှင်... သူ့ပဲ အဖက်လုပ် ပြောနေရသေးတယ်၊ လေကုန်အောင်"

"ဟော... အစ်မကြီး လေကုန်တယ်ဆိုတဲ့ စကားကို အခု လပေါ်မှာ မသုံးပါနဲ့"

ကျွန်တော်က အချက်ယူကာ သာခုစ၏ လေလုံးမျိုး သုံးလိုက်သည်။

mgyoe.com

mgyoe.com


"ဒီမှာ လေရှိတာမဟုတ်ဘူး၊ ကျွန်တော်တို့ အောက်စီဂျင်ဓာတ်ကို ရှုနေရတာ၊ အောက်စီဂျင်ကုန်အောင်လို့ ပြောချင်ပြော"

"ကဲ... စကားများမနေနဲ့ ကိုသော်တာဆွေ၊ လုပ်စရာတွေ ရှိတယ်"

ထို့နောက်၌ ကျွန်တော်တို့သည် အပေါ်ရှိပစ္စည်းများမှ သူတို့မပါလျှင် အသက်အန္တရာယ် မထိခိုက်သော အရာဝတ္ထုမှန်သမျှ အားလုံး ချပစ်လိုက်သည်။ ကုန်သောအခါ...

"ကဲ... ကိုမင်းရှင်ရေ၊ စက်ဖွင့်စမ်းလိုက်ဦး"

ဝုန်းဝုန်း... ဝုန်းဝုန်း...။

သို့သော် အပေါ်မတက်သေးချေ။

"ကဲ... မရသေးဘူးဗျ၊ ယူချစရာ ပစ္စည်းတွေလည်း ကုန်ပြီ၊ အောက်စီဂျင်ဘူးပဲ ကျန်တော့တာ၊ ဟော့လူ...ဟော့လူ ဒါလေးတော့ မလုပ်ပါနဲ့ဗျ"

ကျွန်တော့်မှာ ဒဂုန်တာရာလက်ထဲက အရက်ပုလင်းကို လုလိုက်ရကာ...

"ဒါလေးက တော်ကြာ ကျွန်တော် သောက်ပစ်မှာပါဗျ၊ ပေးဗျာ... ကျွန်တော် အခု တစ်ခွက်သောက်ပြီး နောက်ထပ် ဘာတွေချနိုင်ဦးမလဲဆိုတာ စဉ်းစားပေးမယ်"

ကျွန်တော် တစ်ခွက်မော့လိုက်ပါသည်။

"ဟော... ကိုတာရာ၊ ကျွန်တော် အကြံရပြီဗျို့၊ ဟော့ဒီသံလေ့ကားတွေဟာ ကျွန်တော်တို့ တက်ယူစရာပစ္စည်းလည်း မရှိတော့ဘူး၊ ဒီသံဆွဲအံတွေဟာလည်း သုံးစရာမလိုတော့ဘူး၊ အဲဒါတွေ လွှနဲ့တိုက်ဖြတ်ချမယ်ဗျ၊ ကဲ... ခုနပစ်ချလိုက်တဲ့ လွှကို ပြန်ကောက်ချေဦး"

'အံမယ်... ကိုယ့်လူက ဒီလိုဆိုတော့ ဉာဏ်ကောင်းသားပဲ'

ဂဠုန်ခွာနာက ချီးမွမ်းသည်။

"ဒီဉာဏ်ရည်ကို သုံးတာကိုးဗျ"

ထို့နောက်၌ ကျွန်တော်တို့မှာ ပင်ပန်းစွာပင် သံထည်တွေ လွှနဲ့တိုက်ဖြတ်ပစ်ကြရသည်။

"ကိုင်း... ဒီတစ်ခါတော့ ရလောက်ပါပြီထင်တယ်၊ ကိုမင်းရှင် စက်ဖွင့်လိုက်စမ်း"

ကျွန်တော်တို့မှာ စိတ်ချလက်ချ နေရာထိုင်ခင်းပင် ပြင်လိုက်ကြပြီ။

ဝုန်းဝုန်း... ဝုန်းဝုန်း...။

mgyoe.com

mgyoe.com


ဤအခါ၌ကား ကျွန်တော်တို့မှာ အသက်ရှူကျပ်ကြပြီး မျက်လုံးပြူးကုန်ကြပြီ။ အကြောင်းမှာ ယခုတိုင်လည်း မတက်သေး၊ ချစရာပစ္စည်းလည်း ကုန်ပြီ။

"ကိုတာရာရေ... ဟိုမာစတာကြီး ပြန်မေးစမ်းပါဦးဗျာ"

ကိုဌေးမြိုင်က အကျိုးအကြောင်းပြောပြ၍ ဟိုကလာသောအဖြေမှာ...

"အဲဒီလောက်အထိ ချပြီးပြီဆိုရင်တော့ နောက်ထပ် ပေါင် ၁၁၀ ပဲလျှော့ဖို့ လိုတော့တယ်"

ကျွန်တော်တို့သည် မျက်လုံးကလေးတွေ ကြောင်တောင်တောင်နှင့် ချစရာ ပစ္စည်းကို ဟိုရှာဒီရှာ ကြည့်ကြသည်။ ဘာမျှမမြင်ပါ။ တိုက်ဖြတ်ချပစ်ရန်လည်း ဒုံးပျံနှင့် အင်ဂျင်သာရှိတော့သည်။ နောက်ဆုံး၌ ကျွန်တော် စိတ်ကူးရကာ...

"ဟေ့... ကိုတာရာ၊ ခင်ဗျားကိုယ်အလေးချိန် ဘယ်နှပေါင်ရှိလဲ"

ကျွန်တော် လွှတ်ခနဲမေးလိုက်၍ သူကလည်း ရုတ်တရက် ဖြစ်နေသဖြင့်...

"တစ်ရာ့တစ်ဆယ့်နှစ်ပေါင်၊ ဘာဖြစ်လို့လဲ"

"ဟာ... အတော်ပဲ၊ နှစ်ပေါင်တောင် အဆစ်ပါလိုက်သေး"

ဤတွင်မှ သူ့မျက်လုံးပြူးကာ...

"ဟင်... ခင်ဗျားက ဘာအဓိပ္ပာယ်နဲ့ မေးတာလဲဗျ"

"တွေးကြည့်လေ၊ အသင်းမှာ အရေးကိစ္စရှိတယ်ဆိုရင် ဥက္ကဋ္ဌက ရှေ့ဆောင် ရှေ့သွား လုပ်ရမယ်မဟုတ်လား။ အသင်းသားများကောင်းကျိုးအတွက် ဆောင်ရွက် ရမယ် မဟုတ်လား။ အခု ဒါဟာ ကျွန်တော်တို့အသက်တွေ ကယ်ဖို့ပဲ"

ကျွန်တော့်စကား ကြားရသည်၌ အစ်မကြီး ဂျာနေဂျို စိတ်မချမ်းမသာ ဖြစ်ကာ...

"ဒါမျိုးတွေ ပြောမနေကြပါနဲ့ရှင်၊ ဘာချရင် ဖြစ်ဦးမလဲဆိုတာသာ စဉ်းစား ကြပါဦး"

"ဘာမှ စဉ်းစားစရာမလိုတော့ဘူး အစ်မကြီး၊ ဘာမှမရှိတော့ဘူး၊ လူ တစ်ယောက် နေခဲ့ဖို့သာ ရှိတော့တယ်"

"တကယ်လို့ ဒီလိုအခြေအနေရောက်လာရင် မဲချမှ တရားတော့မပေါ့ရှင်"

"ဘယ် မဲချနေနိုင်မလဲဗျာ၊ မတော် ကိုယ်ကျနေ ဘယ့်နှယ်လုပ်မလဲ၊ ဟေ့... ကိုမင်းရှင်၊ မဲချဖို့ ခင်ဗျားလည်း သဘောမတူနဲ့ဗျ၊ တော်ကြာ ဦးရှင်ကြီးဝတ္ထုထဲကလို 'ကံဆိုးသူ မောင်ရှင် ဖြစ်နေဦးမယ်' ခင်ဗျာ့နာမည်ကလည်း ဆင်ပါဘိသနဲ့"

mgyoe.com

မင်းရှင် ကျွန်တော့်ဘက်ပါအောင် ဆွယ်လိုက်ပါသည်။ မင်းရှင်မှာ ငိုင်လျက်နေသည်။ ဂျာနေဂျိုအစ်မကြီးမှာ တွေ၍နေသည်။ တာရာမှာ ငိုမဲ့မဲ့။ နောက်တစ်ခဏ သူက စိတ်တင်းလိုက်ကာဖြင့်...

"အို... ခင်ဗျားပြောတိုင်း ဖြစ်ရမလားဗျ၊ ကျွန်တော် ဥက္ကဋ္ဌပဲ၊ ကျွန်တော်စီမံမှာပေါ့"

"ဟို... နိုးနိုးနိုး မရဘူး။ ခင်ဗျား ဥက္ကဋ္ဌပေမဲ့လို့ ခေါင်းဆောင်မှုမရှိတဲ့ ဥက္ကဋ္ဌ၊ အယုံအကြည်မရှိတဲ့အဆိုဘက်က ဒီလိုပဲ ဓွဲချက်တင်တယ်မှတ်လား။ နို့ပြီး စာပေဗိမာန်ဆုရတဲ့ ဆရာတက်တိုးကလည်း ဆရာသာခုရဲ့ သစ္စာမဂ္ဂဇင်းမှာ ဒီအတိုင်းပဲရေးတယ်မှတ်လား၊ ခင်ဗျား ဘာလို့ ပြန်မချေပသလဲ"

"ဒါက ချေပစရာလားဗျာ၊ ကျွန်တော်တို့ မြန်မာစာပေနယ်မှာ ဒီလိုပုဂ္ဂလ ဓိဋ္ဌာန် နာမည်ဖော်နှိပ်ခြင်းဖြင့် သူ့ကလောင်စွမ်းပြရဲတဲ့ စာရေးဆရာနဲ့ ပုံနှိပ်ရက်တဲ့ ပတ်ပလစ်ရှာ ပေါ်လာတာကိုပဲ ဝမ်းသာစရာ ဖြစ်နေပါတယ်"

ဤအချိန်၌ ကျွန်တော်မှာ အလုပ်လုပ်ရင်းက အမောခံနိုင်အောင်ဆိုပြီး ဘရန်ဒီကွတ်ပုလင်းကြီးတစ်လုံးကို မင်းရှင်နှင့်အတူ တစ်ဝက်ကျော်အောင် သောက်ထားသဖြင့် အတော်ပင် မူးနေပါ၍...

"အို...ခင်ဗျား ဘာပြောပြော ဒီနေရာမှာတော့ ကျုပ်တို့က အယုံအကြည်မရှိ အဆိုဘက်က စွပ်စွဲချက်ကိုပဲ ခေတ္တ ယာယီအရေးပေါ် အတည်ပြုပြီး ခေါင်းဆောင်မှု မရှိတဲ့ ဥက္ကဋ္ဌအဖြစ် ခင်ဗျားအစီအမံကို မခံနိုင်ဘူး၊ ကျုပ်တို့ဟာကျုပ်တို့ စီမံမယ်"

ဟု ဆိုပြီး ကျွန်တော်သည် အတူတူသောက်ထား၍ အမူးရဲဘော်ဖြစ်နေသော ကိုမင်းရှင်၏ နားနားသို့ကပ်၍ တိုးတိုးတိုင်ပင်လိုက်ပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် အပြန်အလှန် အတန်ကြာအောင် တီးတိုးတိုင်ပင် ပြောကြပြီးနောက် ကိုမင်းရှင်က...

"ဟာ... ဒီလိုဆိုတော့ ဟိုအသင်းကလူကြီးတွေက ခင်ဗျားကို သဘောတူကြပါ့မလား"

"တူပြီလားဗျ၊ သူတို့က တာရာကို ဥက္ကဋ္ဌက ဖြုတ်ချချင်နေကြတာပဲ"

"အင်း... ဒါဖြင့်လုပ်လေ"

"နို့ပြီး ကျွန်တော်ဥက္ကဋ္ဌဖြစ်တဲ့အခါမှာ ခင်ဗျားက အတွင်းရေးမှူးလုပ်ချင်လုပ်၊ ဒါမှမဟုတ်ရင် အသင်းအမှုဆောင်အဖြစ်ကထွက်ပြီး အသင်းစာရေးလုပ်၊

mgyoe.com

အဲဒီတော့ အခု အသင်းစာရေးဆိုရင် တစ်လ ၁၀၀ ကျပ်ပေးပေမဲ့လို့ ခင်ဗျားကျတော့ ၁၅၀ ကျပ် ၂၀၀ ကျပ်ရအောင် ကျွန်တော် ဆောင်ရွက်ပေးမယ်ဗျာ မကောင်းဘူးလား"

"ဟာ... အိုကေပေါ့"

"ကဲ... ဒါဖြင့် အခု ကျွန်တော်တို့ ပြုမူမယ့်အပြုအမူဟာ စာရေးဆရာအသင်းကြီး၏ကောင်းကျိုးအတွက်သာ ရည်ရွယ်တာပါ၊ သည့်အပြင် ဘာအကျိုးမှ မျှော်လင့်လို့ မဟုတ်ပါဘူး၊ တာရာကို မုန်းလို့လည်း မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်အောင် ဂျာနယ်ကျော် မမလေးကို ပြောကြစို့ရဲ့ဗျာ၊ ခင်ဗျားလည်း ကူညီနော်"

ဤသို့ နှစ်ယောက်သား တီးတိုးတိုင်ပင်ကြပြီးမှ ကျွန်တော်သည် တာရာနှင့် အစ်မကြီးဘက် လှည့်လိုက်ကာ...

"အစ်မကြီး ဂျာနေဂျို၊ အခု ကျွန်တော်ပြောမှာကို တစ်ဆိတ်နားထောင်ပါ ခင်ဗျာ၊ အခု မင်းရှင်နဲ့ကျွန်တော် နှစ်ယောက် သဘောတူကြံစည်ဆုံးဖြတ်တဲ့အလုပ်ကတော့ ပထမနံပါတ်တစ်၊ ကျွန်တော်တို့ရဲ့ အသက်သွေးခဲဖြစ်တဲ့ စာရေးဆရာ အသင်းကြီး၏ ကောင်းကျိုး၊ ဒုတိယနံပါတ်နှစ် ကျွန်တော်တို့သုံးယောက်ရဲ့ အသက် ချမ်းသာရေး ဖြစ်ပါတယ်။ ဒီနှစ်ချက်မှာ ၂ ကတော့ အထူးရှင်းစရာ မလိုပါဘူး။

"အဲ... နံပါတ်(၁) ကတော့ စာရေးဆရာအသင်းကြီးရဲ့ ကောင်းကျိုးလို့ ကျွန်တော် ဘာလို့ သုံးသလဲဆိုတော့ရင် အစ်မကြီး သေသေချာချာ နားထောင်ပါနော်၊ အခု ကျွန်တော်တို့ စာရေးဆရာအသင်းကြီးမှာ ဒဂုန်တာရာ ဥက္ကဋ္ဌဖြစ်တဲ့ အတွက် လူကြီးတွေ ပွက်ပွက်ရိုက်နေကြတယ်၊ တာရာပြုတ်ကျအောင် အမျိုးမျိုး ကြိုးစားနေကြတယ်။

"စာရေးဆရာအသင်းကြီးဟာ နိုင်ငံရေးသမားရဲ့ လက်ကိုင်တုတ်ဖြစ်သွားတော့မယ်လို့ပြောနေကြတယ်။ တာရာကိုယ်တိုင်ဟာ ဘာမှမဟုတ်သေးဘူး၊ အူကြောင်ကြောင် အကောင်ပါလို့ သူတို့ကိုယ်မှ သူတို့လက်ဝဲပါလို့ ပြောနေကြတဲ့ လူတွေက စွပ်စွဲနေပါလျက်နဲ့ စာရေးဆရာအသင်းကြီးကို ကလောင်နီစိုးပြီလို့ သတင်းစာသမားတွေက ကြွေးကြော်ကြတယ်၊ အဲသည်တော့ ဒီအရေးအခင်းတွေ ပပျောက်သွားအောင် ကျွန်တော်တို့က တာရာကို ဒီမှာထားပစ်ခဲ့မယ်။ ဟာ...ပြောနေကြာပါတယ်၊ လာဗျို့ ကိုမင်းရှင် အခုပဲ ဆွဲထုတ်ပြီး ဒုံးပျံအပေါက်က ကန်ချလိုက်ကြစို့"

ပြောပြောဆိုဆိုနှင့် ကိုမင်းရှင်နှင့်ကျွန်တော်သည် တိရစ္ဆာန်လေးလို ကြောက်

mgyoe.com

mgyoe.com


အားနှင့် ရှန်းကန်နေသော တာရာကို အတင်းဆွဲကြသည်။ ဤတွင် ဂျာနေဂျို အစ်မကြီး က...

"ခဏနေကြပါဦးရှင်၊ ခဏနေကြပါဦး"

"ဘာနေရမှာတုံး၊ ခင်ဗျားက တားချင်လို့လား၊ ဒီလိုဆိုရင် ခင်ဗျားပါ ထားခဲ့မယ် သိလား"

"မတားဝံ့ပါဘူးရှင်... မတားဝံ့ပါဘူး၊ ရှင်တို့လုပ်တာ အင်မတန် လျော်ကန်သင့်မြတ်ပါတယ်"

ကျွန်တော်တို့နှစ်ယောက်မှာ အရက်မူးနေကြပြီဖြစ်၍ သူ့ခမျာ ကြောက်ရှာသည်။ ကျွန်တော်က ဖြဲခြောက်၏။

"ဒါဖြင့် ဘာလို ခဏနေပါဦး ပြောတာလဲ"

"တခြားကြောင့် မဟုတ်ပါဘူးရှင်၊ ငိုချင်းလေးတစ်ပုဒ်လောက် ချလိုက်ချင်လို့ပါ"

"အဲ... ဒါတော့ မြန်မာမှုဆန်ပေတယ်၊ ကဲ...ငိုငို"

ဤတွင် အစ်မကြီး ဂျာနေဂျို ငို။

*ကျွန်မမောင်လေး ဒဂုန်တာရာမှာရှင်...*

*(အလဲ...အသံဘယ်ခေလို့တုံး)*

*ဘဝနောင်ရေးနုံချာတဲ့ အခင်းရယ်ကြောင့်...*

*ဟော့ဒီ ဘုံဝဋ္ဋာတွင်းမှာ အသက်ခန္ဓာကုန်ရတော့မတဲ့ရှင့်*

*အဖျက်ဖန်လာပုံအကြောင်း...*

*သြော်...အဖျက်ဖန်လာပုံအကြောင်း။*

*ငေါင်းငေါင်...ငေါင်းငေါင်...*

*(အံမယ်...အဆွဲအငင်ကလည်း အကျဖျ)*

"ကဲ... ကဲ အချိန်မရှိဘူး၊ ရှမဝကလည်း စာမျက်နှာနည်းနေပြီတဲ့၊ အယ်... ဟုတ်ပါဘူး၊ ဒုံးပျံပေါ်မှာ ရှူဖို့ကျန်တဲ့ အောက်စီဂျင်ကလည်း နည်းနေပြီ၊ မြန်မြန်စီမံမှပဲ၊ ဟေ့... ဒဂုန်တာရာ ခင်ဗျားကော ငိုချင်းတစ်ပုဒ်လောက် ချချင်သေးသလား"

"ဟာ... သေမယ့်အတူတူ မချတော့ဘူးဗျာ၊ ခင်ဗျားတို့ မြန်မာရှေးဟောင်းစနစ်ကြီးလည်း မကြိုက်ဘူး"

"အံမယ်... တို့မြန်မာသောက်ကျင့်ကို မစော်ကားနဲ့ဟဲ့၊ ငို... ငို မငိုချင်

mgyoe.com

mgyoe.com


မနေရဘူး"

ဤတွင်မှာ ကျွန်တော့်ကိုကြောက်၍ တာရာငို။

*ဘဝမလျော်ပါတယ်*

*လသော်တာ ဒုံးပျံစခန်းမှာလ*

(ကျွန်တော်က တစ်ခါဖြတ်၍)

"ဟော့...ဟော့ ငါ့နာမည် မထည့်နဲ့ကွ"

(ထို့ကြောင့် တာရာ ငိုချင်းပြန်ပြင်)

*ဘဝမဟန်ပါတယ်*

*လစန္ဒာ ဒုံးပျံစခန်းမှာလ*

*နှလုံးဉာဏ်ဆန်းကာ သော်တာဆွေအကြံက*

*မလျော်လေရန်ကော ဝေါ်... ဝေါ်... ဝေါ်။*

"အံမယ်... ငါအကြံများ မလျော်ဘူးတဲ့၊ ဟင်... နင့်နဖူး ဒူးနဲ့တိုက်လိုက်မယ် ဦးငိုက်စိုက်လဲရော့လဟဲ့"

ဤတွင် ကိုမင်းရှင်က...

"ဟာ... နဖူး ဒူးနဲ့တိုက်ရင် ပက်လက်လဲရမှာပေါ့ဗျ၊ ဘယ်... ဦးငိုက်စိုက် လဲနိုင်မလဲ"

"မလဲ.. လဲဗျာ၊ နဘောရရာ ဆိုရတာပဲ၊ ကိုင်း... ငတာရာ နင့်ငိုချင်းတစ်ပုဒ် ကျန်သေးတယ် ထပ်ဆက်"

(ထို့ကြောင့် တာရာဆက်ငို)

*ပန်းလျှလျှငယ်...ငဲ့*

*စန်းလလယ် သဲကုန်းကျောက်ဆောင်တွေ အထစ်အရစ်ထပါတဲ့*

*ဝစ်လစ်စလစ်အလှဗျာ ဤမြေချာ၌*

(ကျွန်တော်က ဖြတ်၍)

"ဟော့... ဟော့... တော်တော့... တော်တော့၊ မင်းဟာ ဝစ်လစ်စလစ်အလှတွေ၊ ရွှေအိုရောင်တွေ၊ ရွှေမန်ကျည်းစေ့ရောင်တွေ လုပ်လာပြီ၊ ဒါ မင်းကို ဝတ္ထုရေးဖို့ စာလုံးသစ်တွေ တီထွင်ခိုင်းနေတာ မဟုတ်ဘူး၊ သတ်မလို့ဟော့... သတ်မလို့၊ ကဲ... ပြောနေကြာရော့...။

*သတ်တော့မယ်ဆို၊ နေတယ်လို့ဖြစ်ဘူး*

mgyoe.com

mgyoe.com


*ရွှေဟသ်ာဖိုမက (အား...ဒါနဲ့မလျော်ဘူး)*
*လင်းတပျို ဖိုမက*
*ဆိုကလို့မြူး*
*အလိုဗျာ ဒဂုန်တာရာကြီး ဟိုဘဝကိုကူး။"*

ဆိုကာ တာရာ့နဖူး ကျွန်တော် ဒူးနှင့် တိုက်အချလိုက်တွင် မင်းရှင်က ဒုံးပျံစက်ကိုဖွင့်၍ ဝုန်းဝုန်း ဝုန်းဝုန်းနှင့်အတက် ကျွန်တော်သည် ဤသို့ အရက်ကို တစ်ချက်တည်းမော့လိုက်၍ တုံးလုံးပက်လက်နှင့် အိပ်ပျော်လိုက်ပါသွားလေသတည်း။

* * *

"ဟော့... ကိုဆွေ... ကိုဆွေ မြန်မာပြည်ပြန်ရောက်ပြီဗျ"

ကိုမင်းရှင်က ကျွန်တော့်ပခုံးကို ပုတ်နှိုးသဖြင့်...

"ဟင်... ဟုတ်လား ကိုမင်းရှင်၊ မြန်မာပြည်ပြန်ရောက်ပြီလား"

"အို... အစ်ကိုဆွေကလည်း ကျွန်တော်ပါဗျ၊ ဘယ်က ကိုမင်းရှင်ရမှာလဲ၊ ဘာများစိတ်ကူးနေလို့ မြန်မာပြည်ပြန်ရောက်ပြီလား၊ မေးနေတာလဲ၊ ကျွန်တော်ပြောတာက လက်ဖက်ဝယ်သွားတဲ့ အမာကြည်ပြန်ရောက်လာပြီ ပြောတာဗျ"

ဤအသံကိုကြားမှ ကျွန်တော်၏ မှိန်းနေသော မျက်လုံးတို့သည် စိမ်း၊ စိမ်းရာမှပြာ၊ ပြာရာမှ ဝါလာပြီး အလင်းရောင်ပေါ်၍ ကျွန်တော် လက်ဖက်ဝယ်ခိုင်းလိုက်သော ညီတော်မောင် မောင်ကြည်ဝင်းကို မြင်ရလေသတည်း။

စင်စစ်ကား ကျွန်တော်သည် မေ့ချစ်သဝဏ်လွှာကို ဖတ်နေရာမှ 'အေဂျန်းနီးတူအေ စတား' စကားလုံးနှင့် ယမန်နေ့က ကြည့်ခဲ့သော Destination Moon ရုပ်ရှင်တို့ ကျွန်တော့်အာရုံထဲ၌ ရောထွေးကာ စိတ်ကူးလွန်သွားခြင်းမျှ ဖြစ်ပါသတည်း။

လွန်တာရှိ ဝန္ဒာမိပါ အာစရိတို့။

ရှုမဝ၊ အမှတ် ၄၇၊ မေ၊ ၁၉၅၁

❑

mgyoe.com

mgyoe.com

# လကမ္ဘာကို အောင်လံစိုက်ပြီ

လကမ္ဘာသို့ သွားကြသူများ

| | |
|---|---|
| * သော်တာဆွေ | – ဒုံးပျံကပ္ပတိန်။ |
| * မင်းရှင် | – စက်ဆရာ။ |
| * ဂျာနယ်ကျော်မမလေးနှင့် အောင်ဇေယျ | – ဟန်းနီးမွန်း။ |
| * ဒဂုန်တာရာ | – အရန်ဇာတ်လိုက်။ |

ထိုနေ့ညနေ တပ်မတော်သုံး ဆလွန်းကားတစ်စီး ကျွန်တော့်အိမ်ရှေ့ ထိုးရပ်သောအခါ၌ အရက်ပေါင်းအိုးပြင်နေသော ကျွန်တော်သည် အနံ့အသက် ကင်းစင်အောင် ကိုယ်လက်သုတ်သင်ကာ မီးဖိုချောင်ထဲမှ ဣန္ဒြေရရ ထွက်ခဲ့သည်။ ကားပေါ်မှ ဆင်းလာသော ယူနီဖောင်းနှင့် ရဲဘော်တစ်ယောက်က...

"ဦးသော်တာဆွေ ခုညနေ အားပါသလားခင်ဗျာ"

စင်စစ်တော့ ဒီညနေသည် ကျွန်တော့်အဖို့ အလွန်အရေးကြီး၏။ စိမ်ရည်အိုးသည် ပေါင်းတင်ရန် ရက်စေ့နေပြီ။ ထို့ပြင် ကျွန်တော့်အိမ်မှာ အရက်တစ်စက်မျှ မရှိတော့။ ယခု ညနေစာမီတိုက်လိုက်ပါမှ ဟန်ရပန်ရ ဖြစ်ချေမည်။

သို့သော် တပ်မတော်မော်တော်ကားတစ်စီးနှင့် ရဲဘော်ကိုယ်တိုင်လာတာ ဖြစ်လေတော့...

mgyoe.com

mgyoe.com


"အားပါတယ်ခင်ဗျာ... ဘာကိစ္စရှိလို့ပါလဲ"

"ဗိုလ်မှူးကြီးက ခေါ်ခိုင်းလိုက်လို့ပါ"

ကျွန်တော့်မျက်ခုံး မြင့်တက်သွားကာ...

"အလို... ဘာကိစ္စများပါလိမ့် ရဲဘော်"

"ဒါတော့ ကျွန်တော်မသိပါဘူး ခင်ဗျာ၊ ဟိုရောက်တော့ ပြောကြပါလိမ့်မယ်"

"သူတို့ ဘယ်မှာလဲ၊ ကျွန်တော် ဘယ်ကို လိုက်ခဲ့ရမှာလဲ"

"တပ်မတော်အရာရှိရိပ်သာကိုပါ"

အင်း... ဒီလိုဆို ခုည အရက်တော့ ဖူလုံတန်ကောင်းပါရဲ့ဟု ဟိုပေါင်းအိုးတွေ ပြန်သိမ်းထားရန် ဇနီးသည်အား တီးတိုးမှာကြားပြီး အဝတ်အစားလဲ၍ လိုက်ခဲ့ပါသည်။

ကျွန်တော့်ရင်မှာတော့ တနွေးနွေးပင်။ အပဲ စာစောင်လေးလည်း ပထမထွက်ခဲ့သောလဖြစ်၍ ဘယ်အရေးအသားများကို ဗိုလ်မှူးကြီးတွေ သဘောမကျဖြစ်လေသနည်း။ ဘာမျှ အငြိအစွန်းမရှိအောင် သတိထားခဲ့သည်ဖြစ်၍ ကျွန်တော် စဉ်းစား၍တော့ မရပါ။ သို့သော် ခက်သားပဲလေ။ အကယ်တိ သတိပေးရုံလောက်ဆိုလျှင် အရက်တော့ တိုက်တန်ကောင်း၊ အဲ...ဗိုလ်မှူးကြီးများ အလွန်ဒေါပွတာဖြစ်ရင်တော့ လေ တအေ့အေ့နှင့် အိမ်ပြန်ပြီး ကိုယ့်ပေါင်းအိုးကလေးပဲ ပြန်တင်မှ။

ဤသို့ တွေးတောလိုက်ပါသွားခဲ့ရာ အရာရှိရိပ်သာထဲ ဝင်မိသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်အထင် ပါစင်အောင် လွဲချော်တော့သည်။ ဗိုလ်မှူးကြီးများသည် ကျွန်တော့်ကို နှုတ်ဆက်ကြကာ ဩဂုတ်လ မြဝတီမဂ္ဂဇင်းတွင် ကျွန်တော် ရေးခဲ့သော 'သူတို့ပြန်လာပါစေ' စာမူသည် တိုင်းပြည်အတွက် လွန်စွာအကျိုးရှိ၍ ကျွန်တော့်ကို အထူးကျေးဇူးတင်ရှိကြောင်းဖြင့် ကျွန်တော်ကြိုက်တတ်မှန်း သိကြသည့်အတိုင်း လှပသော သောက်ပွဲလေးတစ်ရပ်ကို ကျင်းပပေးပါသည်။

ဤစာမူကို ဘာရည်ရွယ်ချက်နှင့် ရေးသနည်း မေးကြသောအခါ ကျွန်တော်မှာ ရည်ရွယ်ချက် ဘာမျှမရှိ၊ တိုင်းပြည် လက်ရှိအခြေအနေအရ ကျွန်တော်၏ ခံစားချက်မျှသာ ဖြစ်ပါကြောင်း။

ထို့နောက် သောက်ပွဲအလယ်သို့ ရောက်သောအခါ ကျွန်တော်၏ ဟာသဝတ္ထုများကို ဖတ်လေ့ရှိဟန်တူသူ ဗိုလ်မှူးတစ်ယောက်က...

mgyoe.com

mgyoe.com


"ဦးသော်တာဆွေ ဟိုတုန်းက လကို ဒုံးပျံနဲ့သွားတဲ့အကြောင်းရေးတာ သိပ်ကောင်းတာပဲ"

"ဟုတ်ကဲ့... ဖိုးသော်တာ စန္ဒာလကိုကွယ်နဲ့ ချစ်၍ခေါ်သည်နှစ်ပုဒ် ရေးခဲ့ဖူးပါတယ်"

ဤတွင် အခြားတစ်ယောက်က...

"အခုကော ခင်ဗျား လကို မသွားချင်တော့ဘူးလား"

"ဟာ... သာသွားချင်တာပေါ့ဗျာ၊ လကမ္ဘာကို အမေရိကန်နဲ့ ရုရှားက သူယူမယ်၊ ငါယူမယ် လုပ်နေတုန်း ကျွန်တော်က မြန်မာပြည်ကိုယ်စား သွားပြီးတော့ ကျွန်တော့်နာမည်ဖြစ်တဲ့ သော်တာ လကမ္ဘာကို ကျွန်တော်ပိုင် 'အပတိ' နယ်မြေအဖြစ် သူတို့အရင်ဦးအောင် အောင်လံစိုက်ပစ်လိုက်ချင်တယ်၊ ခင်ဗျားတို့ ဗိုလ်ချုပ်ကြီး အစိုးရကသွားဖို့ ဒုံးပျံတစ်ခု စီမံပေးဗျာ'

"ကဲ... ဆိုပါတော့ဗျာ၊ ခင်ဗျားတို့ ဘယ်နှယောက်စီး ဒုံးပျံလိုချင်သလဲ"

"အရင် စာရေးဆရာအသင်းအနေနဲ့ သွားဖူးတဲ့ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ မင်းရှင်၊ ကျွန်တော် ပေါင်း လေးယောက်စာ တော်ပြီဗျာ"

ဗိုလ်မှူးတစ်ယောက်က...

"ဦးခင်မောင်လတ်နဲ့ ခင်ဗျားအစ်မကြီး ခင်မျိုးချစ်တို့ မခေါ်ချင်တော့ဘူးလား"

"သူတို့ လိုက်မှာမဟုတ်ပါဘူးဗျာ၊ ကမ္ဘောဇ ထိုင်နေကြတယ်"

"နို့... ကြည်အေးကော"

"ဒီကောင်မလေးတစ်ယောက်လည်း လင်ရပြီးမှ စုပ်စမြုပ်စ ပျောက်သွားလိုက်တာ၊ ကျွန်တော် စာရေးတာတောင် စာပြန်ရေးဖော်မရဘူး"

"ကဲ... အခုပြောတဲ့ ကိုမင်းရှင်တို့လူစုကကော လိုက်ပါ့မလား"

'ဟာ... လိုက်ပါတယ်ဗျာ၊ မင်းရှင်ကဖြင့် ဒုံးပျံစက်မောင်းချင်တာနဲ့ ဖိုးလိုက်ချင်ဖြစ်နေသေး"

"ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ လေးယောက်စီးဒုံးပျံ စီစဉ်ပေးမယ်"

ကျွန်တော်က ရုတ်တရက် သတိရ၍...

"ဪ... ဗိုလ်မှူး၊ လေးယောက်ဆိုပေမဲ့ ခြောက်ယောက်စာ အလေးချိန်ပါနိုင်အောင် လုပ်ပေးပါ"

mgyoe.com

mgyoe.com


"ဘယ်က နှစ်ယောက်စာ တိုးလာပြန်တာတုံး၊ မြာတွေ ဘာတွေ ခေါ်သွားဦးမလို့လား"

"မဟုတ်ပါဘူး ဗိုလ်မှူးရ၊ ကျွန်တော် ဒါမျိုး ဝါသနာမပါပါဘူး၊ အရေးကြီးတာက အရက်ဗျ၊ ကျွန်တော် အသွားအပြန်ရော၊ ဟိုလပေါ်မှာရော သောက်ဖို့က လူနှစ်ယောက်စာ အလေးချိန်ရှိတဲ့ အရက်စည်၊ သို့မဟုတ် သေတ္တာသုံးလေးလုံး လောက်ပါမှ ဖြစ်မယ်ဗျ"

ယင်းမှ ဗိုလ်မှူးများပြုံး၍...

"ကောင်းပါပြီဗျာ... ကောင်းပါပြီ"

"ဒါနဲ့ ကျွန်တော် ထပ်မံ အစီရင်ခံလိုတာက..."

ကျွန်တော့်မျက်နှာ ပြုံးအမ်းအမ်းကလေးဖြင့်...

"အရက်ကို ဆပ္ပလိုင်း လုပ်လိုက်ဖို့ပါပဲခင်ဗျာ"

"သြော်... ဒုံးပျံတစ်ခုလုံးပေးနေမှ အားလုံးရိက္ခာပါ စီမံပေးမယ်ပေါ့ဗျာ၊ ဘယ်အရက်များ ယူသွားချင်လဲ"

"ဟောဒီ အခု ကျွန်တော်တို့သောက်နေတဲ့ မော့ဝီစကီဆို ဘဲရီးအိုကေပေါ့ ဗျာ"

"အဲဒါဆို ဆိုဒါပုလင်းတွေပါ ဝန်ပိုတင်နေဦးမှာပေါ့"

"ပုလင်းပိုတွေ မလိုပါဘူး ဗိုလ်မှူး၊ ဝီစကီနဲ့ဆိုဒါစပ်ပြီး လူတစ်ကိုယ်စာ စီလေးမယ့် စည်နှစ်လုံးထဲ ထည့်ပေးလိုက်ပေါ့"

* * *

နောက်တစ်နေ့နံနက်၌ ကျွန်တော်သည် ပထမဦးဆုံး ဒဂုန်တာရာနှင့် မင်းရှင်ဆီပြေးကာ ဤသတင်းကောင်းကို ပြောသည်။ ဟာ...သူတို့နှစ်ယောက် ဝမ်းသာလိုက်ကြတာလေ ရည်းစားဟောင်းနဲ့ ပြန်တွေ့ကြရတဲ့အတိုင်း။

သို့သော် ဒဂုန်တာရာက ပြောသေးသည်။

"ဟင်း... ခင်ဗျား အရင်တစ်ခါတုန်းကလို လကအပြန်မှာ လူတစ်ယောက် အလေးချိန်ပိုနေလို့ ကျွန်တော့်ကို ကန်ချခဲ့တဲ့ အပေါက်မျိုးတော့ မလုပ်နဲ့ဦးနော်"

"စိတ်ချပါ၊ ဟိုတုန်းက ပထမအကြိမ်မို့ ကျွန်တော်တို့ သိပ်မကျွမ်းကျင်သေးလို့ပါ။ အခု ကျွန်တော်စီမံခဲ့တာ ကြည့်လေ၊ လူတစ်ကိုယ်စီလေးမယ့် အရက်

mgyoe.com

mgyoe.com


စည်နှစ်လုံး ယူခဲ့မယ်။ လလည်းရောက်ရော တစ်စည်ကုန်ရော၊ အဲဒီတော့ ဘာ အလေး ချိန်ထပ်လျှော့စရာ လိုသေးလဲ၊ အဲဒီစည်ခွံကြီးပစ်ချခဲ့ရုံ မဟုတ်လား"

"အေးလေ... ခင်ဗျားက ကြည်အေးနဲ့ နောက်တစ်ခေါက်တောင် သွားပြီး နေပြီဆိုတော့ အစစအရာရာ နားလည်နေပြီပေါ့"

"ဩော်... ဗိုလ်မှူးတွေကကော ကျွန်တော့်စိတ်မချဘဲ လွှတ်ပါ့မလားဗျ။ လာဗျို့... ကျွန်တော်တို့အစ်မကြီး ဂျာနေဂျီအိမ် သွားပြောကြရအောင်"

သို့နှင့် သုံးယောက်သား မြို့ထဲမှ ဘတ်စ်ကားနှင့် လာခဲ့ကြ၍ မြေနီကုန်း ဆန်းသီရိရုံရှေ့ဆင်းကြသောအခါ ဒဂုန်တာရာက...

"ခင်ဗျားတို့သွားကြ၊ ကျွန်တော် ကိုသန်းတင်အိမ်က စောင့်နေမယ်"

"အို... ဘာလို့လဲဗျ၊ လာပါ၊ နို့ပြီး ကျွန်တော်တို့လည်း ကိုသန်းတင်အိမ် သွားမှာပဲ"

ကိုသန်းတင်အိမ်မှာ စမ်းချောင်းတွင် ကျွန်တော်တို့၏ စားအိမ်သောက်အိမ် ဖြစ်ပါသည်။ မင်းရှင်ကလည်း...

"ဟုတ်သားပဲဗျ... လာပါ"

"ဟင့်အင်းဗျာ... ကျွန်တော် ကိုသန်းတင်နဲ့ ဆွေးနွေးစရာရှိလို့ သွားနှင့်မယ် ဗျာ"

"ဟယ်... တားမရ... သွားဟာ"

ဟု ကျွန်တော် သူ့ကိုတွန်းလွှတ်လိုက်ပြီး အစ်မကြီးအိမ်သို့ မင်းရှင်နှင့် ယွန်းခဲ့ ကြပါသည်။

ရောက်လျှင် အစ်မကြီး၏ ကြင်ရာတော်ကလေးပါ တွေ့ရပါသည်။ ပြုံးရွှင် ကြည်လင်သောမျက်နှာနှင့် နုနယ်ပျိုမျစ်၍ ချစ်ခင်နှစ်သက်ဖွယ်သောအဆင်းကို ဆောင် ပေသည်။ တယ်... အစ်မကြီးသာမဟုတ်၊ ကျွန်တော်တို့တောင် ကြိုက်ချင်စိတ် ပေါ်မိ သေး။

သူ၏နာမည်မှာ (ရှုမဝ စာဖတ်သူတို့ သိပြီဖြစ်ကြလိမ့်) အောင်ဇေယျ။

ဤအမည်ကို ကျွန်တော်တို့အစ်မကြီးသည် သူ့ချစ်သူ ရွှေဘိုအကျဉ်းထောင် ထဲနေစဉ်ကပင် ပေးအပ်ခဲ့ခြင်းဖြစ်လေရာ ရွှေဘိုသားဖြစ်သော စာရေးဆရာ ထင်လင်း က...

"အင်း... ကျုပ်တို့ ဦးအောင်ဇေယျကတော့ မြန်မာပြည်အရပ်ရပ်ကို အောင်

mgyoe.com

mgyoe.com
မြင်ငြိမ်းချမ်းစေပြီး ရွှေဘိုမြို့မှ စိုးစံတယ်ဗျ၊ အခု အောင်ဖေယျကတော့ မြန်မာပြည် အရပ်ရပ် သောင်းကျန်းသူထဲမှာ ပါခဲ့ပြီး ရွှေဘိုထောင်မှာ အကျဉ်းလာခံရတဲ့သူဗျ"

ဟု မှတ်ချက်ချပါသည်။

ကျွန်တော့်သဘောကတော့ ဤသို့မဟုတ်။ ဦးအောင်ဖေယျသည် မုဆိုးဖိုမှ အောင်ပွဲစ၍ ယခုအောင်ဖေယျသည် ရွှေရင်သိမ်းသစ် ဆယ့်သုံးနှစ်မြောက် မုဆိုးမ ကို သိမ်းပိုက်သူဟု နှိုင်းယှဉ်လိုပေသည်။

ယင်း၌ စာဖတ်သူမိတ်ဆွေက...

"အို... ခင်ဗျားတို့ဟာကလည်း ညောင်ဦးမြစ်ကမ်းပါးပြိုတာနဲ့ စမ္ဘာနဂိုရ်က နွားမကြီး ပေါင်ကားတာ ဘာဆိုင်သလဲဗျ"

ဟု ပြောလိုပေလိမ့်မည်။ ကဲ... ထားပါတော့၊ ကျွန်တော်၏ ဝတ္ထုသွားဆက် ပါတော့မည်။

ကျွန်တော်တို့က ဒုံးပျံနှင့် လသို့သွားရန် စီစဉ်ခဲ့ကြောင်း ပြောပြသောအခါ အစ်မကြီးသည် လွန်စွာဝမ်းသာလျက်...

"ဟေး... ဟုတ်လား၊ ငါတို့ ဟန်းနီးမွန်းထွက်ဖို့ဟာ တကယ်ပဲ လကိုသွား ရမယ်ဆိုတော့ ဟန်ကျလိုက်လေ ကိုသော်တာဆွေရာ၊ လုပ်စမ်းပါ မြန်မြန်၊ ဘယ် တော့လဲ"

ယင်း၌ ကျွန်တော် မျက်လုံးပြူးသွားလေသည်။ အကြောင်းမှာ ကျွန်တော် တို့စီစဉ်ခဲ့တာက လေးယောက်စာရယ်၊ အစ်မကြီး ကြင်ရာတော်အတွက် လုံးဝ ထည့်ပြီး မစဉ်းစားမိခဲ့ချေ။ ဤကား ကျွန်တော်၏ ချို့ယွင်းချက်သာ ဖြစ်ချေသည်။ နို့ပြီး ကျွန်တော်တို့လို သွားဖူးလာဖူးသူမှတစ်ပါး အခြားလူလည်း လိုက်ဝံ့လိမ့်မည် မထင်။ ထို့ကြောင့် ကျွန်တော်က ကိစ္စပြီးသွားရအောင်ရယ်လို့...

"ဒါနဲ့ ကိုအောင်ဖေယျက ဒုံးပျံနဲ့ သက်စွန်ဆံဖျားသွားရတဲ့ခရီး လိုက်မှာ မို့လားဗျ"

ဟု မေးကြည့်ရာ...

"ဟာ... ခင်ဗျားတို့အစ်မကြီးနဲ့သာဆိုရင် ဒုံးပျံနဲ့ လကိုမဆိုထားနဲ့ တုန်ကင်းနဲ့ နေမင်းဆီကို သွားရပါစေတော့"

ကဲ... ပိတ်ကရော။

ယင်းမှ ကျွန်တော်သည် စီစဉ်ပြီးနေ၍ လေးယောက်ထက်ပို၍ မဖြစ်တော့

mgyoe.com

ကြောင်း ညှိုးငယ်စွာ ပြောရပါသည်။

"ဒါဟာ ကျွန်တော့်ရဲ့အပြစ်ပါပဲ အစ်မကြီးရာ၊ တကယ်ဆို အစ်မကြီးတို့လို ချစ်စ ခင်စ ကြင်နာစ မောင်နှံကို ကျွန်တော် ထည့်ပြီးစဉ်းစားမိဖို့ ကောင်းပါတယ်၊ ကျွန်တော်ဟာ လင်မရဖူးပေမဲ့ မိန်းမရခဲ့ဖူးတဲ့ လူတစ်ယောက်ပါ"

ဟု ပြောကာ သူတို့ကျေနပ်ပါစေလို့ မျက်နှာကို ပေါင်းတင်စ ပထမဦး ရေချိုးလိုက်ရသလို အကြီးအကျယ်ရှုံ့ကာ ကိုယ့်နဖူးကိုယ် လက်ဝါးဖြင့် ရိုက်ပြလိုက်ပါသည်။

သို့တိုင် အစ်မကြီးကမလျှော့။

"ဒါနဲ့နေပါဦး၊ အခုသွားမယ့်လေးယောက်က ဘယ်သူရယ် ဘယ်သူ ရယ်လဲ"

"ကျွန်တော်တို့ အရင်တစ်ခါ ပါသွားတဲ့လူတွေပေါ့ အစ်မကြီးရယ်၊ ကျွန်တော်ရယ်၊ ကိုမင်းရှင်ရယ်၊ ဒဂုန်တာရာရယ်"

"အဲဒီတော့ ရှင်တို့အထဲက တစ်ယောက်ယောက် လျှော့မပစ်ဘူးလား"

ယင်းကြောင့် မင်းရှင်နှင့် ကျွန်တော်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် တွေတွေကြီးကြည့်မိကာ…

"ကိုမင်းရှင်ကတော့ မလိုက်လို့မဖြစ်ဘူး၊ သူက စက်မောင်းရမှာ၊ ကျွန်တော် ကလည်း သော်တာဆိုတာနဲ့အညီ လကမ္ဘာကို အပိုင်သိမ်းပြီး အဟိ အောင်လံစိုက် ရမယ်၊ အဲ… ဒဂုန်တာရာ ပြောကြည့်မယ်လေ၊ သူကတော့ 'တာရာ' ဟာ 'ကြယ်'ပဲ၊ လနဲ့ ဘာမှမဆိုင်ဘူး"

ထို့နောက် ကျွန်တော်တို့သည် ကိုသန်းတင်အိမ် အမြန်လိုက်ကြကာ အကျိုး အကြောင်းကို ရှင်းပြသည်၌ ဒဂုန်တာရာသည် အကြောက်အကန် ငြင်းပါတော့သည်။

"ဘယ်… မဟုတ်တာ၊ ကျွန်တော်က မလိုက်ဘဲနေနိုင်မှာလဲဗျ၊ ဒီအခွင့်အရေး မျိုးက ရခဲဘိခြင်း၊ တရုတ်ပြည်၊ ရုရှားပြည်လောက်သွားတာဆိုရင် ကျွန်တော် ဖယ် ပေးပါရဲ့"

"မဟုတ်ဘူးလေ ကိုတာရာ၊ ခင်ဗျား တစ်ခါလည်း ရောက်ဖူးပြီပဲ၊ သူတို့ ချစ်စ ကြင်နာစလေး သက်ညှာလိုက်ပါဗျာ"

"ဟာ… ဘယ်သူ့မှ မသက်ညှာနိုင်ဘူးဗျာ၊ တော်… တော် ခင်ဗျားတို့ ကျွန်တော့်ချစ်ရင် နောက်ထပ် ဒီစကားမပြောကြနဲ့"

ကျွဲမြီးတိုလိုက်လေ။

mgyoe.com

mgyoe.com


ကဲ... ကမ်းကုန်ရော၊ ကျွန်တော်တို့မှာ အကြံရကျပ်ကာ တွေဝေနေကြတော့သည်။

ခေတ္တကြာမှ ကိုသန်းတင်က ကြားဝင်၍...

"ဒါဖြင့် ဒီလိုလုပ်ကြည့်ပါဦးလား၊ ဗိုလ်မှူးတွေဆီ ခင်ဗျားတို့ ပြန်ပြီး ဒုံးပျံကို ငါးယောက်စာလုပ်ပေးဖို့ ပြောပေါ့"

"အင်း... တစ်မျိုးပြီး နောက်တစ်မျိုး ရပဲရဦးမလား"

ဟု စိတ်ထဲမှ တီးတိုးညည်းကာ ကျွန်တော်နှင့်မင်းရှင်တို့သည် အမြန်ပြေးရပြန်ပါတော့သည်။ ဒဂုန်တာရာကား ဤကိစ္စ ဘာမျှစိတ်မဝင်စားသလို ကျွန်တော်တို့ဘက် ကျောခိုင်းကာ စာအုပ်တစ်အုပ်ကို ကြည့်ကျန်ခဲ့ပါသည်။

သို့သော် ကျွန်တော်တို့ နောက်ကျလေပြီ။ ဗိုလ်မှူးတို့အား အကျိုးအကြောင်း ပြောပြသောအခါ...

"ဟာ... ခင်ဗျားတို့ဟာ နောက်ကျသွားပြီ၊ လေးယောက်စာ ဒုံးပျံလုပ်ပြီးလို့ စားနပ်ရိက္ခာတွေပါတောင် တင်ပြီးသွားပြီ၊ ခင်ဗျားတို့ နက်ဖြန်မနက် ထွက်ကြဖို့ပဲရှိတော့တယ်၊ အမိန့်ချပြီးပြီ"

အံမယ်လေး... မြန်မာ့လောကဓာတ် စက်မှုဌာနကလည်း မြန်လိုက်တာဗျာ၊ သံဖြူဆရာ မီးခွက်လုပ်တာကျနေတာပဲ၊ လသွားမယ့် ဒုံးပျံတစ်ခု တစ်နေ့တည်း လုပ်ပစ်သတဲ့။

မင်းရှင်နှင့် ကျွန်တော်သည် တစ်ယောက်နှင့်တစ်ယောက်ကြည့်၍ တွေတွေကြီးနေရာမှ မင်းရှင်က...

"ကဲ... ကျွန်တော်တို့ ဒီအကြောင်း ဒေါ်မမလေး ပြန်ပြောကြတာပေါ့ဗျ၊ နှစ်ယောက်မပါလို့ သူတစ်ယောက်တည်း မလိုက်ချင်ဘူးဆိုလည်း နေပစေ၊ ကျွန်တော်တို့ချည်းပဲ သွားကြတာပေါ့"

"အင်း... ဖြစ်မယ်ဖြစ်မယ် ကိုမင်းရှင်၊ ဒုံးပျံဆိုတာက ဘတ်စ်ကားလို မဟုတ်ဘူးဗျ၊ လေးယောက်စီးကို ငါးယောက်သွားလို့လည်း မဖြစ်ဘူး၊ သုံးယောက်တည်းနဲ့လည်း မရဘူး၊ ခင်ဗျား အရင်တစ်ခါ သွားဖူးနေလျက်သားနဲ့ဗျာ၊ သူ့အလေးချိန် အတိအကျမှ မြေကြီးရဲ့ဆွဲငင်ခြင်းနဲ့ ဒုံးပျံရဲ့တွန်းကန်ခြင်း အကြောင်းအကျိုး ဆက်ပြီး ခရီးသွားဖြစ်တာဗျ"

ယင်းသို့ ကျွန်တော်တို့ တီးတိုးပြောနေကြစဉ် ဗိုလ်မှူးတစ်ယောက်က...

mgyoe.com

mgyoe.com


"ကဲ... ကိုသော်တာဆွေ၊ ခင်ဗျား တကယ်ပဲ ဂျာနယ်ကျော်မမလေးတို့ လင်မယားကို လိုက်စေချင်သလား"

"ဟာ... သူတို့ ဟန်းနီးမွန်းထွက်ချင်တာ၊ တကယ်ပဲ လသွားရမယ့်ကိစ္စ၊ ကျွန်တော် ကိုယ်ချင်းစာပါတယ်ဗျာ၊ ဖြစ်အောင်လုပ်ပေးနိုင်ရင် လုပ်ပေးကြစမ်းပါ"

"အဲဒီဖြစ်အောင်လုပ်ဖို့က ကျုပ်တို့နဲ့မဆိုင်ဘူး၊ ခင်ဗျားအပေါ်မှာ တည်တယ်"

"ဗျာ"

ကျွန်တော် မျက်ခုံးနှစ်ခုကို မြှင့်လိုက်ကာ...

"အမိန့်ရှိပါဦး"

"အခု ဒုံးပျံပေါ်မှာ ခင်ဗျားအတွက် လူတစ်ကိုယ်စာစီလေးတဲ့ အရက်စည် နှစ်ခုတင်ထားတယ် မဟုတ်လား၊ အဲဒါ နှစ်ခုအနက်က တစ်စည်ချလိုက်ရင် လူတစ်ယောက်တင်နိုင်ရော မဟုတ်လား"

"အံမယ်လေးဗျ"

အသံမထွက်အောင် ကျွန်တော့်ရင်ထဲက အော်လိုက်မိပါသည်။

အောင်ဇေယျနဲ့ အရက်တစ်စည်။

ကြားရ ကြားရ နားဝမသက်သာ၊ အရက်ရတနာ သူ့လင်နဲ့ ပြောင်းရမယ်တဲ့ဗျ၊ ဘယ်သူ့ကောင်းကျိုးတုံးဗျာတို့ရဲ့။

ယင်းအခိုက်မှာပင် အကြီးဆုံးသော ဗိုလ်မှူးကြီးက...

"ဟုတ်တယ်... ကိုသော်တာဆွေ၊ ခင်ဗျားတစ်ယောက်တည်းဆိုတော့ အရက်တွေလည်း များနေတယ်၊ အစဦးတော့ ကိုမင်းရှင်နဲ့ ကိုတာရာတို့ပါ သောက်တယ်မှတ်လို့၊ အခု သူတို့က မသောက်တတ်ဖူးဆိုတော့ တစ်စည်တော်ပါပြီဗျာ"

အင်း... ကျွန်တော်တစ်ယောက်တည်း ဘယ်လောက်သောက်တယ်ဆိုတာ ဗိုလ်မှူး မသိကြဘူးနော်။

*အံမယ်လေး... အရေးမလှပါသနော်၊*

*တွေးဆကာ မြော်မြင်လိုက်ကြပါတော့၊*

*ဟောဒီ ကစော်ဘဝင်ခိုက်အောင် ရင်တုန်လျက်သာပ၊*

*လင်စုံမက်သူတစ်ပါး*

*လရထား*

*ခဏသွားတာ သူ့အပါခေါ်ဖို့တဲ့၊*

mgyoe.com

mgyoe.com


*ကျုပ်သောက်တော် ကစော်နဲ့ 'ချိန်း'ရမယ်*
*(အံမယ်မင်း) နိမ်းဟဲ့ အချား...အား...ဟာ။*

* * *

ဟယ်...ကျုပ်ငိုသလို သင်းတို့လည်း ငိုရဦးမပေါ့။ ဒီစာအုပ်မှာ ကျုပ်အယ်ဒီတာ၊ ဒီဝတ္ထုက ကျုပ်ရေးတာ၊ ဒီဒုံးပျံမှာ ကျုပ်ကပ္ပတိန်။

ဟား... ဟား... ဟား။

"အစ်မကြီးလက်က စီးကရက်ကို လွှင့်ပစ်လိုက်ပါ"

စီးကရက်ငွေ့တထောင်းထောင်းနှင့် ဒုံးပျံပေါ် တက်လာတယ်ဆိုပဲ ကျွန်တော်က ဟီးနိုးဘတ်စ်ကား စပယ်ယာလေသံဖြင့် အော်လိုက်ပါသည်။

စင်စစ် အစ်မကြီးသည် စီးကရက်ကို အလွန်တရာကြိုက်၍ ယခု သူ့လက်ထဲမှာလည်း သံဘူးကြီးပါသေး၏။ ထို့ကြောင့်...

"ရော့... ဒီသံဘူးပါထားခဲ့၊ ရော့ဟော့...မိုးဟိန်း"

လိုက်ပို့သော သူ့သားဆီသို့ ပစ်ပေးလိုက်၏။

"အို... မလုပ်ပါနဲ့ ကိုသော်တာဆွေ၊ ကျွန်မ မသောက်ဘဲမနေနိုင်လို့ပါ"

"မနေနိုင် သေချင်သေ၊ ဒါဗိုလ်ချုပ်ကြီးအစိုးရ ဒုံးပျံဗျ၊ မြေကြီးပေါ်က ဘတ်စ်ကားပေါ်မှ မသောက်ရတဲ့ဟာကို ဒီအာကာသပေါ်မှာ တော်ကြာ မိုးသားတွေ မီးလောင်ကုန်လို့ ကမ္ဘာမြေကြီးပေါ်မှာ မိုးခေါင်နေမှာပေါ့ဗျ၊ ဟင်း... ဟင်း ကိုအောင်ဇေယျ၊ ခင်ဗျားလက်ထဲက ဘာထုပ်တုံး"

နောက်ပါးကပါလာသော သူ့လင်တော်မောင်ကိုပါ စစ်ဆေးလိုက်ရပါသည်။

"စက္ကူထုပ်ပါ ကိုသော်တာဆွေ"

"ဘာစက္ကူလဲ၊ နောက်ဖေးသုံးဖို့လား"

"မဟုတ်ပါဘူး၊ ရှမဝဦးကျော်က ဆောင်းပါးရေးခဲ့ပါ မှာလို့ပါ"

"အင်း... အင်း စာမူသေမင်းငင်နဲ့တော့ ဒုက္ခပါပဲ၊ သို့သော် ကိုအောင်ဇေယျ ကျုပ်တို့ အခုသွားမယ့်ခရီးမှာ ခင်ဗျာ့မိဖုရားကြီး ငေးမောဖို့ ထင်းရှူးတောလည်း မရှိဘူး၊ ဈေးကြီးပေးတည်းဖို့ ဟိုတယ်ကလည်း မရှိဘူး၊ စားပွဲထိုးလည်း မရှိဘူး၊ အဲ... ခင်ဗျားတို့ ခိုင်းချင် ဒဂုန်တာရာပဲ ချော့မော့ခိုင်းကြပေတော့၊ ကဲ... ကိုမင်းရှင် လူစုံပြီ၊ ခိုးလိုးဆွဲဆရာ"

mgyoe.com

ဟယ်... ငါ့နှယ် ဒုံးပျံကပွတိန်ကလည်း ဘတ်စ်ကားစပယ်ယာသံ ပေါက်သွားလိုက်တာ။

ဂျုန်းဂျုန်း... ဂျုန်းဂျုန်း... ထုတ်ထုတ်... ထုတ်ထုတ်... ရှူး... ရှူး။

ကျွန်တော်တို့ ဒုံးပျံစထွက်ပါပြီ။

"ဗိုလ်မှူးကြီးတွေ တာ့တာ၊ အဲဗရီးဘတ်ဒီး တာ့တာ"

လိုက်ပို့ကြသောလူများကို နှုတ်ဆက်ခဲ့ရပါသည်။

ကျွန်တော်တို့ဒုံးပျံ အတွင်းအနေအထားကို ဖော်ပြရဦးမည်။ အစ်မကြီးတို့ ညားစ ဇနီးမောင်နှံအတွက် အခန်းသီးသန့်ပေး၍ ကျွန်တော်တို့သုံးယောက်အတွက်မူ အပြင်မှာပဲ အိပ်စင်ကလေးတွေ အသီးသီးနှင့်နေကြပါသည်။

ဒုံးပျံသည် အာကာသခရီး၌ အရှိန်ရ၍ နေထားတကျ ရှိသွားသောအခါ အစ်မကြီးတို့နှစ်ယောက်က သူတို့အခန်းထဲ ဝင်သွားကြသည်။ ဒဂုန်တာရာနှင့် ကျွန်တော်သည် ကိုယ့်အိပ်စင်ပေါ် အသီးသီး လဲလျောင်း၍ မင်းရှင်မူ ဒရိုင်ဘာအခန်းမှာ စက်မောင်းလျက်ရှိသည်။

ကျွန်တော်သည် လူ့ပြည်၌ အလကားနေတတ်သူ မဟုတ်၊ အစက စီစဉ်ခဲ့သည့်အတိုင်း အရက်စည်ကို ပိုက်တပ်၍ ပါးစပ်မှ တစိမ့်စိမ့်စုပ်လျက် လက်တစ်ဖက်မှ ကြက်သားကြော်။

ဒဂုန်တာရာမှာမူ ပက်လက်ကြီး အစနဲ့သား နဖူးပေါ် လက်တင်လျက်...

ကျွန်တော်သတိရ၍ အရက်ပိုက်ကို မင်းရှင်ဆီယူသွားပြီး ပေး၍ ဒီကောင်ကြီး ဗိုလ်မှူးတွေရှေ့မှောက်သာ မသောက်ဖူးဆို၏။ တစ်ခါကို သရီးပက်တော့ ဆော်တတ်၏။ ပြီးလျှင် ကျွန်တော် သူ့ကို ကြက်ကြော်တစ်ဖဲ့ပေးခဲ့၍ ဒဂုန်တာရာဆီသို့သွားသောအခါ သူက မသောက်လိုကြောင်း ခါးခါးသီးသီး ငြင်း၏။ ကျွန်တော် မြင်ပြင်းကတ်စွာ ပြန်ခဲ့ရင်း...

"အင်း...နင့်လိုကောင်တော့ လူဖြစ်ကျိုးမနပ်လိုက်လေကွာ"

အစ်မကြီးတို့နှစ်ယောက်မူ အခန်းထဲမှာ တွတ်ထိုးနေကြ၏။ အစ်မကြီးက အရင်ဆုံးအခေါက် ကျွန်တော်တို့နှင့်အတူ သွားဖူး၍ ကိုအောင်ဇေယျအား ဤလမ်းခရီးအကြောင်း ပြောပြနေဟန်တူ၏။ တစ်ချက်တစ်ချက် တခစ်ခစ် ရယ်သံကြားရ၏။ ကျွန်တော်တို့ ဟန်းနီးမွန်းထွက်စဉ်တုန်းကကို ပြန်လည် သတိရမိသည်။ သို့သော် ကျွန်တော့်ကောင်မလေးကတော့ မနူးမနပ်။

mgyoe.com

mgyoe.com


ကျွန်တော်သည် ရှေးဟောင်းနှောင်းဖြစ်တွေ တွေးတောရင်း ဆိုဒါနှင့် ရောပြီး ဝီစကီကို ဖိမ်နှင့်စုပ်လိုက်၊ ကြက်သားကြော် မြုံ့လိုက် လုပ်နေရာမှ တော်တော်ကြီး ကြာသောအခါ အရှိန်ရစပြု၍ ခေတ္တရပ်နားလိုက်ပြီး ဒဂုန်တာရာဘက် လှည့်ကြည့် လိုက်ရာ ငတိသည် ပက်လက်မှ တစောင်းဖြစ်နေ၍ မျက်မှန်ချွတ်ထားကာ အိပ်ပျော်ဖို့ ကြိုးစားနေပုံရ၏။ ထို့ကြောင့် ကျွန်တော်က ကပ္ပတိန်ပီပီ...

"ဟေ့လူ... ကိုတာရာ၊ ဒီအချိန် ဒီနေရာမှာ မအိပ်နဲ့ဦးဗျ၊ အပူအအေးဓာတ် သဘာဝအကူးအပြောင်းမှာ သွေးလေးပြီး နေထိုင်မကောင်း ဖြစ်တတ်တယ်"

ယင်းမှ သူ့ကိုယ်ကိုလွှန့်၍...

"ကျွန်တော် အိပ်မပျော်ပါဘူးဗျ"

"အင်း... ကိုယ့်ကိုယ်ကိုယ် သတိထားပေါ့ဗျ၊ ဒါမျိုးဟာ ဖြစ်တတ်တာပဲဗျ၊ ဒီခရီး အရင်တစ်ခေါက်လည်း ခင်ဗျားသွားဖူးပြီပဲ"

ယင်းအချိန်၌ အစ်မကြီးတို့အခန်းထဲမှာလည်း စကားပြောသံ ကြားရ၍...

"ဟိုအခန်းထဲကလူတွေလည်း မအိပ်ကြနဲ့ဦးနော်"

"အဟင်း... ဟုတ် မအိပ်ပါဘူးဗျ"

ကိုအောင်ဇေယျအသံ။

"အေး... အေး သတိနဲ့နေကြ၊ ကိုမင်းရှင်ကော ခင်ဗျားမောင်းရတာ ညောင်း ပလား၊ ကျုပ် တစ်လှည့်မောင်းဦးမယ်"

"နေပါစေ... ကိုဆွေ သောက်ထားပြီ မဟုတ်လား"

"သောက်တာက အဆန်းလားဗျ၊ မမူးပါဘူး"

* * *

လောကဓာတ်ဆရာကြီးများ မှတ်တိုင် စိုက်ထားချက်အရ လသည် ကမ္ဘာ မြေကြီးမှ မိုင်ပေါင်း နှစ်သိန်းလေးသောင်း ကွာဝေးလေရာ ယခု ဒုံးပျံ၏ ကပ္ပတိန် တစ်ယောက်အနေနှင့် ကျွန်တော်၏ တွက်ဆချက်အရ အောက်ပါဇယားကို အများ မြင်သာအောင် ရေးထားလိုက်ပါသည်။

ယခုခရီးစဉ်တွင် ကျွန်ုပ်တို့ လသို့ရောက်ရန်မှာ ၈ ရက်ခွဲ၊ သို့မဟုတ် ၉ ရက်နှင့် ၃ နာရီ ၅၉ စက္ကန့်တိတိ သို့မဟုတ် မမှန်းဆ နိုင်လောက်အောင် ကြာမည်ဖြစ်လေရာ ကပ္ပတိန် အရက်သောက်

mgyoe.com

သည်မှတစ်ပါး အခြားလူများသည် အစားအသောက်ကို ကပ္ပတိန်၏ စီမံချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာရမည်။

(ပုံ) သော်တာဆွေ
ကပ္ပတိန်ကြီး။

ကျွန်တော်သည် ခေါင်းဆောင်ကောင်းပီပီ အစားအသောက်ကို အချိုးကျကန့်သတ်သည့်အပြင် စားပုံသောက်ပုံများကိုလည်း နည်းနိဿယ ချထားပေးသေး၏။

ဘယ်လောက် စည်းကမ်းကြီးသနည်းဟူမူ ကျွန်တော်တို့ ဒုံးပျံတွင် မပုပ်သိုးသေးသော ရိက္ခာအဖြစ် ငါးပိအိုး၊ ချဉ်ဖတ်အိုးများပါလေရာ ဥပမာ–ငါးပိရည်နှင့် တို့စရာစားကြလျှင်လည်း ဇွန်းခက်ရင်းကို အသုံးပြုရမည်။ ပြုရပုံမှာ မြန်မာဓလေ့အတိုင်း အညွန့်လိုက် ထည့်ထားသော ချဉ်ဖတ်များကို လက်နှင့်ထွင်ဖြတ်၊ ထမင်းထဲမြှုပ်၊ ငါးပိရည်ဇွန်းနှင့်ဆမ်း ပြီးမှ ဘေးတွင်ချထားသော ဇွန်းခက်ရင်းကို ကောက်ကိုင်၍ ပါးစပ်ထဲထည့်၊ ထို့နောက် ဇွန်းခက်ရင်းပြန်ချ၊ ချဉ်ဖတ်ပြန်ကိုင်၊ ထမင်းထဲမြှုပ်၊ ငါးပိရည်ဆမ်း၊ ဇွန်းခက်ရင်းပြန်ကိုင် စဆုံးတိုင် ဤနည်းစားရမည်။ (ဇွန်းခက်ရင်း အထားအသိုလည်း မှန်ရမည်။)

ဤနည်းကား အခြားမဟုတ်ပေ။ တစ်ခါက ဘာသာပြန်ဆရာကြီးတစ်ဦးသူ့အိမ်၌ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ နိုင်နင်းစွာ စားသောက်နေပုံကို တွေ့ရ၍ နည်းယူမှတ်သားထားခဲ့ခြင်း ဖြစ်ပါသည်။

ဩ... ကျွန်တော် ဘလက်ဘုတ်မှာ နောက်ထပ်ရေးထားတာကို ဖော်ပြရဦးမည်။ "ကမ္ဘာမြေ၏ ဆွဲငင်ဓာတ်ကုန်ဆုံးရာနှင့် လ၏ဆွဲဓာတ် အစပြုရာသို့ရောက်လျှင် ကျွန်ုပ်တို့ဒုံးပျံသည် မဖော်ပြလိုသောကိစ္စတစ်ခု ဖြစ်ပွားနိုင်သည်"

ကျွန်တော် ကပ္ပတိန်သည် ဤမျှော်မြင်ချက်ကား သွေးမတိတ်နိုင်အောင်မှန်ကန်လှပေတော့သည်။ အကြောင်းမှာ ထိုနေရာရောက်သည်နှင့်တစ်ပြိုင်နက် ဒုံးပျံထိုးရပ်လေတော့သည်။ ကျွန်တော်သည် အရက်ပြွတ်တံ ပါးစပ်မှ ဆတ်ခနဲ ချွတ်၍အိပ်ရာမှထကာ...

"ဝှက်ဟက်ပဲင်း... ဆာဂျင်း"

ကျွန်တော်သည် ဒုံးပျံမောင်းနည်းကို အင်္ဂလိပ်လို သင်ခဲ့ရသည့်အတိုင်း အင်္ဂလိပ်လိုပဲ ပြောတတ်သည်။ စက်မောင်းသူ မင်းရှင်၏ အဆင့်အတန်းမှာ 'ဆာဂျင်' ဖြစ်သည်။

mgyoe.com

mgyoe.com


ထို့ကြောင့် မင်းရှင်က...

"အိုဗာဝိတ်ဆား"

အလေးချိန်ပိုနေသတဲ့။

"ဟောင်းမဲနီးပေါင့်စ် ယူသင့်ခ်"

"ဝမ်းသာတိပေါင့်စ် အဘောက်အေမင်း"

ပေါင် ၁၃၀ လူတစ်ယောက် အလေးချိန်လောက်တဲ့။

"ဟင်း...ဟင်း ဒီလိုဆို ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်ချန်ပြီး ကျန်တဲ့လူထဲက မဲချပြီး ထုတ်ပစ်မှပဲ"

ဒါကတော့ ကျွန်တော် အင်္ဂလိပ်လို မပြောတတ်ချေ။

ယင်းအချိန်၌ အစ်မကြီးတို့လင်မယားနှင့် ဒဂုန်တာရာလည်း မျက်လုံးကလေး ကြောင်ဂလုလုနှင့် စက်ခန်းထဲရောက်လာကြ၍ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြသောအခါ အစ်မကြီးက...

"ဒီပြင်နည်းလမ်း မရှိတော့ဘူးလားရှင်"

"မရှိဘူး... မရှိဘူး၊ ကြာရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ ကဲ...မြန်မြန်လုပ်မှ"

ဆိုပြီး ကျွန်တော်ကိုယ်တိုင် မဲလိပ်လုပ်၍ အချိန်ဖင့်မှာစိုးသဖြင့် သူတို့အား မနှိုက်စေတော့ဘဲ ကိုယ်တိုင်ပဲ တစ်ယောက်တစ်လိပ်စီ ပေးလိုက်ပါသည်။

ကံဆိုးသူ အောင်ဇေယျ။

"အံမယ်လေး ရှင့်"

အစ်မကြီးဂျာနေဂျို သတိမေ့လဲသွား၊ အောင်ဇေယျက ပြေးထူ၊ နှာနှပ်၊ သတိရသော် ငို။

"အကြောင်းမလှပါသနော် ပေါင်းရကာ ကြာမရှည်သေးခင်က စာပွေရေးသူ ကိုသော်တာဆွေရဲ့ ပြဲဟ်မွေတာပဲ"

စကားဖန် – "ချစ်စ၊ ခင်စ၊ ကြင်နာစကလေးပါရှင်၊ ချမ်းသာပေးကြပါ"

မင်းရှင် – "ဘယ်ဖြစ်မလဲ အစ်မကြီး၊ ကျုပ်တို့ပါ ဒုက္ခရောက်ကုန်ကြမှာပေါ့"

ဆက်ငို – "အံမယ်လေး... အကဲမလှပါလား ရှင်တို့ရဲ့၊ မဲချတာမှုမမှန်ဘူး၊ သူကြံကာ တမင်လုပ်တာဖြင့်၊ ရှင်ယုတ်ပုံမလွဲ (ကျွန်တော့်ကို လက်ညှိုးထိုး၍ အဲဟယ်...ကျွန်မလင်နဲ့ ကျွန်မကို ခွဲ...ဟဲ...ဟဲ'

mgyoe.com

mgyoe.com


တိမ်နိမ်... တူနိမ်... ပူနိမ်... ဖြောင်ဖြောင်... ဟော... ဟော။

ကျွန်တော့်ရှေ့ ဒူးထောက်၍ ဆံပင်ဖားလျားနှင့်...။

"ဒီပြင်နည်းလမ်း မရှိဘူးလား ကပ္ပတိန်ကြီးရယ်"

"မရှိဘူး အစ်မကြီးရယ်၊ ကိုအောင်ဖေယျကိုယ်စား တခြားတစ်ယောက် သွားမှပဲ၊ အဲလိုဆိုတော့လည်း ကျွန်တော်က ကပ္ပတိန်၊ မင်းရှင်က စက်ဆရာ"

"ဒါဖြင့်..."

ဒဂုန်တာရာဘက်သို့လှည့်၍...

"ရှင် ကျွန်မကို ကူညီပါလားရှင်၊ ရှင်က လူ့ပြည်မှာ တစ်ကိုယ်ရေ တစ်ကာယ ဘာမှသံယောဇဉ်မရှိ"

ဤတွင် ဒဂုန်တာရာက မာရေကျောရေဖြင့်...

"အောင်မာ... ကျွန်တော့် သံယောဇဉ်မရှိဘူးလို့ ဘယ့်နှယ်ပြောနိုင်တာလဲ၊ လူကို ဒီလောက်လည်း အထင်မသေးပါနဲ့ဗျ"

ယင်း၌ ကျွန်တော်က ကြားဝင်၍...

"ဒီဆရာကလည်း ဘာတွေပြောနေတာလဲဗျာ၊ ကိုယ့်အသက် မစွန့်နိုင် မစွန့်နိုင်ဘူးပေါ့ဗျာ၊ ကိစ္စပြီးနေတဲ့ဟာကို၊ ကဲ... အစ်မကြီး အချိန်မရှိဘူး၊ မှာစရာရှိတာ မှာ ပြောစရာရှိပြော"

"အို... ဘာမှ မှာပြောမနေဘူး၊ ကျွန်မပါ တစ်ခါတည်း လိုက်သွားမယ်"

"ဟာ... ဒီလိုလုပ်လို့ ဘာဖြစ်မလဲဗျ၊ ကျုပ်တို့ပါ ဒုက္ခရောက်ကုန်မှာပေါ့၊ ဒုံးပျံဆိုတာက ဘတ်စ်ကားလို မဟုတ်ဘူး၊ လိုလို့လည်း မဖြစ်ဘူး၊ ပိုလို့လည်း မဖြစ်ဘူး၊ ဒါကို ကျွန်တော်တို့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး"

"အို... ခွင့်မပြုကော ရှင့်တို့အိပ်နေတုန်း ကျွန်မ တံခါးပေါက် ဖွင့်ဆင်းသွား တော့ ဘာတတ်နိုင်မှာတုံး"

"အဟား... ဟားဟား..."

ကျွန်တော်သည် ကျယ်လောင်စွာ ရယ်မောလိုက်ကာ...

"အစ်မကြီး ဘဝဖော်ဆောင်းပါးထဲမှာက အိမ်ကသားသမီးကလေးတွေ အတွက် ကူဖော်လောင်ဖက်ရအောင် ယူရတာဆို၊ ခုတော့ အဲလေ... ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်တစ်ယောက် ဒီလောက်ချစ်ကြတာကို ကျွန်တော် အင်မတန်ဝမ်းသာပါ တယ်ဗျာ"

mgyoe.com

mgyoe.com


"အခုဟာလည်း အစ်မကြီးတို့ကို ကျွန်တော် သက်သက်ကျီစားတာပါ၊ စင်စစ်တော့လည်း လူတစ်ယောက် ဒုံးပျံထဲက ထုတ်ပစ်စရာ မလိုပါဘူး၊ ပစ်ဖို့ဟာကို ကျွန်တော် သိလျက်နဲ့ တမင်တင်ခဲ့တာ ရှိပါတယ်။ ကဲ... ကိုအောင်ဇေယျရေ ခင်ဗျား တို့အခန်းထဲမှာ စည်ကြီးတစ်လုံး မတွေ့ဖူးလား"

"တွေ့ပါတယ်ခင်ဗျာ"

"ကဲ... သွား အဲဒါကို လိမ့်ထုတ်ခဲ့"

သူသည် သေဘေးမှ ကင်းလွတ်ရ၍ သွက်လက်စွာ ထုတ်ယူလာသည်၌ အလို... ဤသစ်သားစည်တွင် ဓားဦးနှင့် ထွင်းရေးထားသည့် အင်္ဂလိပ်လို 'လဗ်အစ်စ် အေ မဲနီးစပလင်းဒါးသင်း' မြန်မာလိုက 'အချစ်၊ သစ္စာ၊ သမာဓိ'ဆိုပါကလား။

"ဟား... ဟား ဒါက ဘယ်သူရေးထားတာလဲဗျ"

ကိုအောင်ဇေယျက...

"ကျွန်... ကျွန်တော်ပါဆရာ"

"အင်း... အသည်းထဲက ပေါက်ကွဲထွက်တဲ့ စကားလုံးပဲ ဖြစ်ရမယ်၊ ကဲ... ဒါထားတော့၊ ဒီစည်ဟာဖြင့် ဗိုလ်မှူးကြီးများက ကျွန်တော့်ကို ပြန်ချပစ်ခဲ့ဖို့ပြောတဲ့ အရက်စည်ပဲ၊ ဒါပေမဲ့ ကျွန်တော်က ယူလို့ရကောင်းရမယ်ဆိုပြီး တင်ခဲ့တာပဲ၊ အခု တော့ မဖြစ်ကဘူး ကိုမင်းရှင်ရေ၊ ဒုံးပျံတံခါးဖွင့်ပေတော့၊ ကဲ...အစ်မကြီးရေ အစ်မကြီး ချစ်သူကို ကျွန်တော့်အရက်စည်နဲ့ လဲလိုက်ပါပြီခင်ဗျာ"

ဒုံး... ဒုံး... လ... ဒုံး... ဒုံး...။

(အရက်စည်ကျသွား၊ ဒုံးပျံခရီးဆက်၊ ဤနေရာမှစ၍ ရေးပုံတစ်နည်း ပြောင်းတော့မည်။)

* * *

## စနေဂြိုဟ်သား

ဂြိုဟ်အပေါင်းတို့ တည်ရှိရာ အာကာသကောင်းကင်ပြင်ဝယ် ခေါင်းငေါက်တောက်နှင့် အမြီးချွန်းချွန်းသာ အစွန်းထွက်နေသည့် မြွေကြီးလင်းမြွေခွေနေသော ပုံသဏ္ဌာန်ရှိ ပန်းကန်ပြားတစ်ခု မောင်းလာစေ။

၎င်းအပေါ်တွင် မြွေဦးခေါင်းဆောင်း၍ မြွေရေခွံရောင် သံချပ်အကျီဝတ်ထားသော စစ်သူကြီးနှင့် တပည့်တစ်ယောက်။

mgyoe.com

 mgyoe.com


စစ်သူကြီးပြော...

'စဖြန္တြာ၊ နဝ္ဂန္တြာ၊ ဂ–ဂန္ဓမာအဟံ ငါသည်၊ စနိတ်စနိတ်၊ အလို စနေဂြိုဟ် စကားချည်း ပြောနေလို့ မဖြစ်သေးပါလား။ စာဖတ်သူတွေနားလည်အောင် မြန်မာ စကားပြောဦးမှ။ အဟမ်း... အဟမ်း ကျွန်ုပ်ကားဆိုလျှင် စနေဂြိုဟ်မင်း၏ လက်ရုံး တစ်ဆူ အားကိုးတော်မူသော အင်မတန် အကျင့်သိက္ခာ သမာဓိနဲ့ ဣန္ဒြေသမ္ပတ္တိ ရှိလှသည့် စစ်သူကြီးဖြစ်တော့သကိုး။

"အခု မြွေကိုယ်ခံ ပန်းကန်ပြားပျံနဲ့ လာရတဲ့ကိစ္စကတော့ ဘဒ္ဒဆိုတဲ့ ဂြိုဟ်က ရွှတ်ရှုနဲ့ အမေရိကန်ဆိုတဲ့ အကောင်တွေက ကျုပ်တို့အာကာသမှာရှိတဲ့ သတ္တဝါမဲ့ လကမ္ဘာကို သူတို့ လာအခြေစိုက်မယ်ဆိုတဲ့ သတင်းစကားကြားရတာနဲ့ ကျုပ်တို့ရဲ့ စနေဂြိုဟ်ဘုရင်ကြီးက ၎င်းလကမ္ဘာကို သိမ်းပိုက်ထားပြီးသကာလ ဟိုကလာမယ့် ငတိတွေရန်နှိမ်နင်းဖို့ ကျုပ်ကို တိုက်ကင်းလှည့်စေ လွှတ်ထားခြင်း ဖြစ်ပေတော့သကိုး။

"အလို... ပြောရင်းဆိုရင်း ရှေ့ကမည်းမည်း မည်းမည်းနဲ့ဟာ ဘာပါလိမ့်။ ကဲ... တပည့် လိုက်ဖမ်းစမ်းလကွာ၊ အံမယ်... ရန်သူဗလာ လွယ်ကူစွာနဲ့ပဲ မိပဟေ့၊ အံမယ်... သစ်သားစည်တစ်လုံးပါလား၊ အင်း... အင်း သူ့ပေါ်မှာ စာလည်းပါရဲ့ဟဲ့။ ကဲ... ကျုပ်က အင်္ဂလိပ်–မြန်မာ နှစ်ဘာသာတတ်တော့ ဖတ်လိုက်ရဦး။

"အလို... အင်္ဂလိပ်လိုက 'လဗ်အစ်စ်အေ မဲနီးစပလင်းဒါးသင်း' မြန်မာလိုက 'အချစ်၊ သစ္စာ၊ သမာဓိ'တဲ့။ ဟင်း... ဟင်း အဓိပ္ပာယ်တော့ ကျုပ်နားမလည်ဘူး၊ အလယ်... လယ်လယ် သူ့အထဲက အရည်ဟဲ့။ အံမယ်... ဖွင့်ဖို့ ပိုက်ခေါင်းလှည့်တံ ကလေးနဲ့လည်း ပါသကွဲ့၊ ကဲ... ဖွင့်ကြည့်စမ်းမယ်။

"ဟယ်... ဒီရနံ့ကလေးက တယ်ပြီး သင်းပျံ့မွှေးကြည်ပါလား၊ ပေါရီရွှယ် အပျိုကလေးရဲ့ ပင်ကိုမွှေးကလေးနဲ့ တူလိုက်တာ၊ ငါသောက်မကြည့်ဘဲ မနေနိုင် တော့ဘူး၊ ကဲဟေ့... တပည့်ပေးစမ်း ဖန်ခွက်၊ ဟယ်လဟယ်... ဟယ်ဟယ် တယ်လည်း ထူးလိုက်တဲ့ အရသာပါပဲလားကရို့။ တစ်ခွက်သောက်ရုံနဲ့ ငါ့စိတ်တွေ ဘဝင် ရောက်ကုန်ပြီ။ ဟော...ဟော..."

ကျွန်တော် အလွန်ပျော်တာ၊ ချစ်သူကလေးရဲ့ ပြန်စာရလို့သာ နေချင်တာ၊ လာ... ဒါ... ဒါ... ဒါ... ဒါ၊ မယ်သုံပေါက်စီ၊ မအေးစိန်... မအေးစိန်။

"ကဲ... တပည့် ငါတို့တိုင်းပြည် ပြန်လှည့်တော့လကွာ၊ ငါသိပ်ပျော်သဟေ့။ အိမ်ကျ အမယ်ကြီးနဲ့ တွဲကချင်သကွာ".

mgyoe.com

mgyoe.com


(ကဲ... ဒီနေရာကစပြီး စာရှုသူများခင်ဗျာ မြန်မာ့အသံမှ ကွက်စိပ်ဆရာကြီး ဒဂုန်ဆရာတင် ပြောဟောသံ နာခံရသလို ဖတ်ပါတော့ဗျို့။ ကျွန်တော့်ဇာတ်လမ်းဟာ ဒီလိုရေးမှ မြန်မြန်ပြီးပါလိမ့်မယ်။)

အဲသည်တော့ တပည့်ခမျာလည်း မသိမသာ သူ့ဆရာကြည့်ပြီးတော့ အင်မတန် အံ့သြသပေါ့။ မအံ့သြပဲနေပါ့မလား။ ဒီစစ်ဗိုလ်ကြီးဟာဆိုရင် သူတို့တိုင်းပြည်မှာ သစ္စာ၊ သမာဓိရှိလွန်းလို့ ဘုရင်မင်းမြတ်ကိုယ်တိုင်က ဆုတော်လာဘ်တော်များ ပေးသနားပြီး 'ဣန္ဒြေတိရာဇာ'ဘွဲ့ထူးရတဲ့ ပုဂ္ဂိုလ်ကြီးကပဲ။

"သို့သော်လည်း ဘဒ္ဒကမ္ဘာက သော်တာဆွေတို့ယူလာတဲ့ ယစ်ရွှေရည်နဲ့တွေ့တော့ သင်းမခံနိုင်တော့ဘူး။ ဆိုဒါနဲ့ အရန်သင့်ရောထားတဲ့ ဝီစကီလည်း ဖြစ်ပြန်တော့ အနံ့ကလည်းမွှေး၊ အရသာကလည်းရှိရှိနဲ့ ငတိကြီး နောက်တစ်ခွက်ဆော်လိုက်တော့ အပျော်ကြီးပျော်၊ အအော်ကြီးအော်၊ သီချင်းတကြော်ကြော်နဲ့ နန်းတော်ထဲဝင်လိုက်တယ်ဆိုရင်ပဲ ဘုရင်မင်းမြတ်နှင့်တကွ မှူးကြီးမတ်ရာတွေအားလုံး အံ့အားသင့်ကြပြီး သူ့တပည့်ဖြစ်သူ မေးကြည့်တော့မှ ဟိုစည်ထဲကအရည်သောက်လို့ပဲဆိုတဲ့ အဖြေ ကြားရတော့တယ်။

"အဲသည်အခါသမယ စနေဂြိုဟ်ဆိုတဲ့ မြေညိုကမ္ဘာမှာ သူရာသေရည်ဆိုတာက မရှိဘဲကိုး။ ဘယ်သူမှလည်း မကြားဖူးကြတော့ ဒီစည်အရက်ကို အံ့သြကြတယ်။ ရနံ့ကလည်းမွှေး၊ သောက်လို့ကောင်းတာလည်းအမှန်။ သို့သော် အင်မတန်သိက္ခာသမာဓိရှိတဲ့ ပုဂ္ဂိုလ်ကြီးမှ ဣန္ဒြေပျက်ရတယ်ဆိုတော့ ဘာသဘောလဲလို့ သူတို့စူးစမ်းတဲ့အတွက် ဒီပြင်မှူးမတ်တွေ သောက်ကြည့်ကြပြန်တော့လည်း (အူရိုင်းတွေလားဗျ) တချို့ ဝမ်းပက်လောက်နဲ့ ကိုးရိုးကားရားတွေ ဖြစ်ကုန်ကြ။

"အဲသဟာနဲ့ နောက်ဆုံးကျတော့ ပညာအရှိဆုံးဖြစ်တဲ့ အမတ်ကြီးတစ်ဦးက စည်မှာပါတဲ့ 'လဗ်အစ်စ်အေ မဲနီးစပလင်းဒါးသင်း'ဆိုတဲ့ စာတွေ ရှေးဉာဏ်တော်စူးရောက်စွာ ဖတ်ရှုပြီးတဲ့နောက် လက်ရှိဘုရင်ကြီးဆန္ဒနဲ့ ပတ်သက်ပြီး မင်းဘုရားကြီးကို တီးတိုးလျှောက်တဲ့အခါ ဘဝရှင်မင်းတရားကြီး လွန်စွာနှစ်သက်အားရရှိတော်မူပြီး 'ကဲ... အဲသည်အတိုင်းပဲ စကြဝဠာအဝန်းမှာရှိတဲ့ ဂြိုဟ်တိုင်းပြည်ကို ကျွန်ုပ်တို့ပိုင် မြွေခွေ ပန်းကန်ပြားနဲ့ လျှောက်ပြီးမေးရင်း ကြေးနန်းခတ်စေဗျား'တဲ့။

ဤနေရာတွင် စနေဂြိုဟ်က ကိစ္စခေတ္တရပ်နားလို့ သော်တာဆွေတို့ ရောက်နေတဲ့လကမ္ဘာကို ပြောင်းကြဦးစို့ဗျား။

mgyoe.com

mgyoe.com


အဟမ်း...ဟမ်း ရှေးယခင်အခါ သော်တာဆွေတို့ ဤလကမ္ဘာအလည် ရောက်တုန်းကဆိုရင် လရဲ့ပတ်ဝန်းကျင်မှာ လေလည်းမရှိ၊ သက်ရှိသတ္တဝါ သီးပင်များလည်းမပေါက်ဖွား၊ ချောက်ကမ်းပါး သဲကုန်းမြေသာလျှင် ဖြစ်ခဲ့တယ်။

ယခုခါတော့ဖြင့် လေနဲ့၊ ရေနဲ့၊ အသီးအပင်ကလေးတွေလည်း ပေါက်စ၊ တိရစ္ဆာန်ပိုးမွှားယယ်များလည်း တွေ့မြင်ရတော့ သော်တာဆွေက လက်ခမောင်းခတ်တဲ့ပြီး။

ဟဲ့... သည်နေရာသည် မြေကမ္ဘာမှာ အခုလို တိုးတက်ပြောင်းလဲနေသဖြင့် ငါအပိုင်စီးဖို့လာတာ။ ငါ၏ ဘုန်းတန်ခိုးသမ္ဘာကြောင့်ပဲ ဖြစ်ရမယ်ပေါ့။ ဟဲဟဲ... စင်စစ်မတော့ စနေဂြိုဟ်မင်းက သည်လကမ္ဘာသိမ်းပြီး သူ့သမီးတော်နဲ့သမက်၊ နန်းစံဖို့အတွက် သူတို့ဆီမှ တိုးတက်နေတဲ့ လောကဓာတ်ပညာဖြင့် သတ္တလောက တစ်ခု ဖန်တီးထားခြင်း ဖြစ်ပေသကိုးဗျ။

ဒါကို ငတိက မသိရှာဘူး။ ဂျာနယ်ကျော်မမလေးတို့ လင်မယားဟာလည်း ဒီလိုတွေ့ရတာ အလွန်ဝမ်းသာလို့ တစ်ခုသောနေရာမှာ သူတို့ဟာသူတို့ ရွက်ဖျင်တဲကလေးထိုးနေကြတယ်။

ယမုန်နာဝါ ငနဲ့ချာချာ ဒဂုန်တာရာကတော့ သူ့နဂိုစတိုင် ငူတူတူ၊ ငိုင်တိုင်တိုင်ပဲပေါ့။ ဤလကမ္ဘာ ရောက်ခဲ့ပါလည်း ရှေ့ခါလိုတော့ 'မပေါ့စိတ်ဝမ်း၊ မရွှင်လန်းရှင့်၊ ပင်ပန်းနွယ်လျှ' အစချီတဲ့ ကဗျာတွေရေးလို့ပေါ့ ခင်ဗျာ။

စက်ဆရာ ကိုမင်းရှင်ကတော့ ကြက်မျိုးချေးကျ ရောက်လေရာ ပျော်တတ်တဲ့ လူစားလားဗျာ။ အေးအေးဆေးဆေးပဲ၊ သူ့သားကြီး 'အောင်'ကစားဖို့တဲ့။ လပေါ်က ကျောက်စရစ်ခဲလုလုလေးတွေ လျှောက်ကောက်နေလေရဲ့။ အဲ... တစ်ချက်သာ တစ်ချက်သာ သူ့မိန်းမ 'မခင်စိန်' ဆူမှာပူမှာတွေးပြီး စိတ်လေးမိသတဲ့ဗျ။

အဲဒီထဲ အပျော်ဆုံး အမော်ဆုံးဟာတော့ သော်တာဆွေပေါ့ခင်ဗျာ။ သူ့အဝတ်အစားကလည်း ကပ္ပတိန်ဆိုတော့ ရရာကောက်ဝတ်ခဲ့ရတာ၊ မော်ဒန်ကာတွန်းစာအုပ်ထဲက ကိုအောင်ရှိန်ဆွဲပေးလိုက်တဲ့ ရှေးခေတ် ပင်လယ်ဓားပြဗိုလ်ကြီး ယူနီဖောင်းဗျ၊ နားမှာလည်း နားကွင်းကြီးတွေနဲ့။ ပခုံးပေါ်မှာလည်း လောင်းဂွန်းဆေးလ်ဗားလို ကြက်တူရွေးမရှိတော့ ရရာပဲ ကျီးကန်းတစ်ကောင်ဗျ။

သို့သော် သူ့စိတ်ထဲမှာ မကြည်သာတာတစ်ခုတော့ ရှိတယ်။ ဘာလဲဆိုတော့ ပါလာတဲ့အရက်စည်ဟာ ကုန်လုနေပြီ။ ဒီတော့ သူ ဟိုလမ်းမှာချခဲ့ရတဲ့

mgyoe.com

mgyoe.com


အရက်စည်အတွက် ကိုအောင်ဖေယျကိုပဲ အံ့တခဲခဲဖြစ်နေသဗျ။ စင်စစ်တော့လည်း သူတို့ ဒီလပေါ်မှာ 'အဟိ အောင်လံ' စိုက်ပြီးပြီးချင်း ပြန်ဖို့ပဲ။ သို့သော် ဒုံးပျံက ဘက်ထရီချာဂျင် သွင်းနေရလို့တဲ့ဗျ'။

အဲသည်လိုနဲ့ ရက်တွေကြာကြာလာလိုက်တာ နောက်ဆုံး ဝီစကီကုန်တဲ့ နေ့ကျတော့ သော်တာဆွေ ဒေါပွပါရောခင်ဗျာ၊ အရက်မသောက်ရတော့ အရက်ကြောင်ကြောင်၊ အရက်ရူးရူးပြီး အောင်ဖေယျကိုသတ်မယ်လို့ သူတို့တဲထဲအဝင် အောင်ဖေယျကလည်း သူ့ဇနီးကြီးကို 'ကောင်းလား... ကောင်းလား'နဲ့ မေးနေတယ်။ အလာတုန်းက ဒုံးပျံပေါ်မှာ ငါးပိရည်နဲ့ ခံတက်ချဉ်၊ မုန်လာချဉ်ဖတ်နဲ့ ဇွန်းခက်ရင်းနဲ့ ထမင်းစားရပုံကို ရှုမဝပေးဖို့ ဆောင်းပါးရေးပြီး သူ့ဇနီး စာရေးဆရာမကို ပြနေတာ ကိုးဗျ။ အဟား... ဟား... ဟား"

ဒါကို သော်တာဆွေက ဘုမသိ ဘမသိနဲ့...

"ဘာ ကောင်းလားလုပ်မနေနဲ့၊ မင်းခေါင်းဖျားပြုတ်လရောလဟယ်"ဆိုပြီး ဓားနဲ့ဝင်ခုတ်မယ်အလုပ်မှာ ဂျာနေဂျိုက ရဲဝံ့စွာ ကြားဝင်ပြီး...

"ဒါ ရှင့် ဘယ်သူကခိုင်းလိုက်တာလဲ" လို့ မေးတဲ့အခါ သော်တာဆွေက အမှန်အတိုင်းပဲ ဘယ်သူမှမခိုင်းကြောင်း၊ အရက်ကုန်တဲ့ကိစ္စအတွက်သာ ဖြစ်တဲ့ အကြောင်း ပြောပြတော့ ဒေါ်မမလေးက ရယ်မောပြီး...

"ဒီအတွက် ရှင်မပူပါနဲ့၊ ဟောဒီမှာ ကျွန်မချက်တဲ့ ဝံသဗျူဟ္ဆေးအရက်ပါတယ်"ဆိုပြီး ကွတ်ပုလင်းကြီး လေးပုံတစ်ပုံ၊ တစ်စိတ်လောက်ဝင်တဲ့ ပုလင်းငယ်လေးတစ်လုံး ထုတ်ပေးတယ်။

"ဒါဟာ လိပ်ခေါင်းရောဂါရှိတဲ့ ရှုမဝဦးကျော်၊ ကိုသန်းဆွေနဲ့ ဆရာဇော်ဂျီတို့ဆိုရင် ကျွန်မ တစ်ပုလင်း ၁၀ ကျပ်နဲ့ ရောင်းစားနေတာ။ ရှင့်မို့လို့ အလကားပေးတာ"လို့ ချော့မော့လွှတ်လိုက်ရတယ်။

သော်တာဆွေကလည်း ဒီဆေးအရက်ကလေး တစ်စိတ်လောက် ဝင်သွားတော့မှပဲ နေသာထိုင်သာရှိသွားပြီး အောင်ဖေယျကို ရန်ပြုမိတာမှားကြောင်း နောင်တရရှိပြီး သူစိုက်ထားတဲ့ အဟိအောင်လံရှိရာကို ငိုက်စိုက် ငိုက်စိုက်နဲ့ အသွား...

အဲဟို အာကာသကောင်းကင်က မြွေခွေ ပန်းကန်ပြားပျံကြီးတစ်ခုလည်း ဆိုက်ရောက်အလာ...

ဒီက ပင်လယ်ဓားပြ ယူနီဖောင်းဝတ်ထားတဲ့ ကပ္ပတိန်ကြီး သော်တာဆွေနဲ့

mgyoe.com

mgyoe.com

အဲဟိုက မြွေခေါင်းဦးထုပ်ဆောင်း၊ မြွေရေခွံ ကိုယ်ကျပ်အင်္ကျီဝတ်ထားတဲ့ စစ်ဗိုလ်ကြီးတို့ တွေ့ကြရောဗျာ။

ဟယ်... ဒီအချိန် ဗိုလ်ကြီးသော်တာဆွေကလည်း ဝံသဗျူဠအရက်ရှိန်ကလေးရရနဲ့ ခါးက ပင်လယ်ဓားပြ ဓားကောက်ကြီးထုတ်တဲ့ပြီး ရန်သတ္တုရုပြမယ်အလုပ် ဟိုကစစ်ဗိုလ်ကြီးက ဤမြေချာလူသားရောက်နေတာ အံ့သြပြီးတဲ့နောက်အကျိုးအကြောင်းမသိခင် မတိုက်ခိုက်၊ လက်တားပြီး သင်ဘယ်သူလဲလို့ မေးတဲ့အခါ သော်တာဆွေကလည်း ရေခြားမြေခြားရောက်တဲ့အခါ ကျုပ်တို့မြန်မာတို့သောက်ကျင့်အတိုင်း အင်္ဂလိပ်လိုပြောမှပဲလို့ သူတတ်သမျှပဲ ဆော်ထည့်လိုက်တယ်။

"အိုင်အဲမ် ဿီ ပရင့်စ် အော့ဖ် ဘဒ္ဒဂလုပ်"

ဒီတော့ ဟိုစနေဂြိုဟ်စစ်ဗိုလ်က ပြုံးပြီး...

"အင်း...ခင်ဗျား မြန်မာပဲဗျ၊ ကျုပ်က အစဦး တရုတ်မှတ်လို့၊ ကျုပ် မြန်မာစကား နားလည်ပါတယ်၊ မြန်မာလိုပြောပါ"

ဒီတစ်ခါ သော်တာဆွေ နည်းနည်း ရှက်အမ်းအမ်းဖြစ်ပြီးတော့မှ...

"ကျွန်ုပ် ဘဒ္ဒကမ္ဘာက မင်းသားပါ"လို့...

ပြောလိုက်ရင်း ဂျာနေဂျီတို့၊ ဒဂုန်တာရာနဲ့ မင်းရှင်တို့ ရောက်လာတာမြင်တော့ သူ့ကြွားလုံးကို ဟိုကမမြင်အောင် မျက်စိမှိတ်ပြလိုက်ရသည်။

စနေဂြိုဟ်စစ်ဗိုလ်က အဟုတ်ပဲ ယုံလေသလားမသိ၊ စစ်ဗိုလ်တစ်ယောက်အနေနဲ့ မင်းသားကို အရိုအသေပေးပြီး...

"ဒါနဲ့ မင်းသား ဒီကို ဘာကိစ္စ ကြွလာသလဲ"

သော်တာဆွေက ဘဝင်မြင့်သွားပြီး...

"ကျွန်ုပ် ဒီကမ္ဘာကို အောင်လံစိုက်ပြီး သိမ်းပိုက်ဖို့ လာခဲ့ပါတယ်"

"ဟာ... ဒါတော့ မဖြစ်နိုင်ဘူး မင်းသား၊ ဒီလကမ္ဘာကို ကျွန်ုပ်တို့ စနေဂြိုဟ်ဘုရင်ကြီးက သိမ်းပိုက်ထားပြီး ဖြစ်နေတယ်"

"ဒါဖြင့် ပြည်ထောင်စုအချင်းချင်း မင်းလုတဲ့ကိစ္စကလည်း သင်တို့ဘက်က ကျွန်ုပ်နဲ့ ဂုဏ်ရည်တူတဲ့ မင်းသားတစ်ပါး လာပေရော့၊ ကျွန်ုပ် စီးချင်းတိုက်တော်မူမယ်"

သော်တာဆွေက ဘာအဓိပ္ပာယ်ရယ်လည်းမသိ၊ ဖတ်ဖူးတဲ့ ရာဇဝင်စာအုပ်တွေထဲက မှတ်မိမှတ်ရာ ရုတ်တရက် လွှတ်ခနဲ ပြောလိုက်မိပြီးမှ သူ့ဟာသူ အသည်း

mgyoe.com

ထိတ်သွားတယ်။

သို့သော် တော်ပါသေး၏။ ဟိုစစ်ဗိုလ်က...

"ကျုပ်တို့ဘုရင်ကြီးမှာ သားရတနာ မထွန်းကား၊ သမီးတော်တစ်ပါးသာ ထွန်းကားလို့ အခုနေပြည်တော်မှာ သမက်ရွေးချယ်ပွဲ ပြုနေပါတယ်။

"အလို... သင်မင်းသား အဆင်သင့်လိုက်လေ၊ ဘုရင်မင်းမြတ်ကြီး မိန့်တော်မူတာက အခုရွေးချယ်ပွဲမှာ သမီးတော်နှင့် ထိမ်းမြားခြင်းခံရတဲ့ မင်းသားကို ဟောဒီ လကမ္ဘာ အပိုင်စားပေးတော်မူမတဲ့။

"ကဲ... မင်းသား ဘာမှ စဉ်းစားမနေနဲ့တော့၊ ဒီလကမ္ဘာ လိုချင်ရင်ဖြင့် ဘုရင်မင်းမြတ်ကြီး၏ သမက်ရွေးချယ်ပွဲ ဝင်ပေတော့၊ သမီးတော်ပါရလို့ ဟောဒီ လကမ္ဘာမှာ စံရမယ်၊ ကဲ... ကျွန်ုပ်နဲ့ တစ်ခါတည်းလိုက်ခဲ့ပေရော့။ နောင် မင်းသား ကောင်းစားလို့ ရှိရင်ဖြင့် ကျွန်တော်မျိုးကြီးကို သူကောင်းပြုဖို့ မမေ့ပါနဲ့နော်"

အဟိ စနေဂြိုဟ်က ငတိလည်း ဖားတတ်သကိုးဗျ။

* * *

ကဲ... အဲဒီအချိန် စနေဂြိုဟ်ဘုရင်မင်းမြတ်ကြီးရဲ့ သဘာမှာဖြင့် စည်လိုက်ကြတဲ့လူတွေ သောက်သောက်လဲ၊ သောက်သောက်လဲ။

သောက်သောက်လဲဆိုတဲ့အတိုင်း တကယ်ပဲ သောက်သောက်လဲကြတာပါပဲဗျာ။ အကြောင်းကတော့ ဟိုပညာရှိအမတ်ကြီး ဘုရင်ကြီးကို လျှောက်တင်တဲ့စကားက "ဟောဒီစည်ဟာဖြင့် ဘုန်းတော်ကြောင့် နတ်များ၊ သိကြားများက အရှင်မင်းကြီးဆီ ပို့လိုက်တာပါပဲ။ အရှင်ဘုရားဟာ သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့လူကို မြတ်နိုးတော်မူလေတော့ ဒီစည်ထဲကအရည်ကို သောက်ခိုင်းပြီး ရွေးချယ်ဖို့ နည်းပေးတာပါပဲဘုရား"

ဒီလျှောက်တင်ချက်ကို ဘုရင်ကြီးက အလွန်သဘောကျပြီး "ဟုတ်လိုက်လေကရို၊ ဒါဖြင့် ဒီစည်ထဲကအရည်ကို သောက်လို့မှ ဣန္ဒြေသိက္ခာမပျက်တဲ့လူကို ငါ့သမီးတော်နဲ့ပေးစားပြီး လကမ္ဘာကို အပိုင်စားပေးတော်မူမယ်။ ကဲ... စကြဝဠာမှာ ရှိတဲ့ ဂြိုဟ်တိုင်းပြည်တွေ မောင်းကြေးနန်းခတ်စေဗျား"

အဲ... သဟာကြောင့်ပဲ ဂြိုဟ်အသီးသီးမှာရှိတဲ့ မင်းညီမင်းသားတွေ လာလိုက်ကြတာ လာလိုက်ကြတာ၊ ဟလာ... လာလာ သမီးတော်ကလေးကလည်းချော။ လမြေတစ်ကမ္ဘာလည်း ရမယ်ကိုဗျ။ ကျုပ်တို့ဆီက ဥက္ကလာပ၊ သာကေတမှာ မြေ

mgyoe.com

တစ်နေရာစီရမယ်ဆိုတဲ့ ကိစ္စထက် လူတွေတိုးကြတာပေါ့။

သို့သော်လည်း အဲဒီဂြိုဟ်တိုင်းပြည်မှာက သူရာသေရည်ဆိုတာ မရှိလေတော့ ခမျာတစ်သက်လုံးက တစ်ခါမှမသောက်ခဲ့တဲ့ အရှိင်းတွေလားခင်ဗျာ။ တချို့တစ်ခွက်မှုမပြည့်၊ တစ်ဝက်လောက်နဲ့ပဲ အောက်ခြေလွတ်ပြီး ရာဇက္ကန္ဓြေတွေပျက်ကိုးရိုးကားရားဖြစ်၊ ပြောချင်တာတွေ ပြောကုန်ကြတာပေါ့။

အဲ... သောကြာဂြိုဟ်က မင်းသားဆိုတာဖြင့် စာရေးဆရာ အောင်ဗလနဲ့ခပ်ဆင်ဆင်ဗျာ။ သူက တစ်ခွက်လောက် ကြိုးစားသောက်ရာက မူးပြီး ဘာပြောလဲဆိုရင် "ကျုပ်စက်မသိမ်းပါနဲ့၊ ကျုပ်စက် မသိမ်းပါနဲ့" လို့ လျှောက်အော်နေချေတော့ဗျား၊ ဘုရင်မင်းမြတ်ကြီးက တစ်ခါတည်း နန်းတော်ပြင်ဘက် တွဲထုတ်ခိုင်းလိုက်တာပါပဲ။

ကဲ... ဟိုဂြိုဟ်က မင်းသားတွေ အားလုံးကျပြီးတဲ့နောက် အခု နောက်ဆုံးရောက်လာတာကတော့ ကျွန်ုပ်တို့ရဲ့ဇာတ်လိုက် ဘဒ္ဒကမ္ဘာက မင်းသားသော်တာဆွေပါပဲခင်ဗျာ။

အဲ...သူ့ကျတော့ ဘုရင့်ရှေ့တော်မှောက် ခပ်ကြောက်ကြောက်နဲ့ပဲဝင်ရင်းအရက်နံ့ကလေးရတော့ အမဲနံ့ရတဲ့ အမဲလိုက်ခွေးလို နှာခေါင်း ပွစိပွစိနဲ့ အင်း...ငါသောက်ခဲ့တဲ့ ဝီစကီနံ့နဲ့ တူလိုက်တာဟဲ့လို့ အောက်မေ့နေတုန်း ဟိုကတစ်ခွက်ငှဲ့ပေးလိုက်တော့ သူ ဝမ်းသာအားရ မော့ချလိုက်တယ်။

လူက အရက်ဝအောင်မသောက်ရတာ ကြာပြီကိုးဗျ။ တစ်ခွက်သောက်လိုက်တော့ နည်းနည်းလန်းသွားတယ်။ နှစ်ခွက်သောက်လိုက်တော့ ပိုမိုလန်းသွားတယ်။ အဲ... သုံးခွက်လည်းရောက်ရော လူဟာ တစ်ခါတည်း အရက်နာကျနေတဲ့ ဝေဒနာပျောက်ပြီးတော့ ပဒုမ္မာကြာလို အရက်ရေချိုန်ရတဲ့ မျက်နှာထားနဲ့ အင်မတန် ရွှင်လန်းသွားတော့သကိုး။

အဲသည်တော့ တစ်ခွက်က နှစ်ခွက် ဣန္ဒြေမပျက်အောင် သောက်နေတာမြင်ရစဉ်ကပင် အပ်ကျသံမှကြားရအောင် အံ့သြတဲ့ ဘုရင်မင်းနှင့်တကွ ပရိသတ်ကြီးက သုံးခွက်လည်းမြောက်ကရော တစ်ခါတည်း ကောင်းချီးသြဘာ ဝိုင်းပေးကြပြီးသော်တာဆွေက ငတ်ချီးကျကျနဲ့ နောက်တစ်ခွက်ပေးပါဦး တောင်းတာတောင် "အို... မင်းသား တော်လောက်ပါပြီ၊ ကျွန်ုပ်တို့ ယုံကြည်ပါပြီ" ဆိုပြီး သက်ဆိုင်ရာ ပြန်ကြားရေးဌာနဝန်ကြီးက...

mgyoe.com

mgyoe.com


"အို... တိုင်းသူပြည်သား လူအများတို့လေး...၊ သမီးတော်နဲ့ ထိမ်းမြားပြီး လကမ္ဘာကိုပေးသနားဖို့ ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံတဲ့ ဘုန်းရှင်သမ္ဘာရှင်ကို တွေ့ပါပြီဖြစ်ကြောင်း"

အသံလွှင့်ဌာနနှင့် တစ်ခါတည်း ဆက်၍ တစ်ပြည်လုံးကို ကြေညာလိုက်လေသတည်း။

အဲသည်အခါမှာ သော်တာဆွေ လကမ္ဘာအုပ်စိုးပြီး လဘုရင်ဖြစ်သွားတယ်လို့ ကျုပ် စိတ်ကူးမိသဗျား။

အဟိ၊ အမှတ် ၂၊ စက်တင်ဘာ၊ ၁၉၅၉

❑

mgyoe.com